ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့၊ (11-5-2007) (၅၃၁၄)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် **Admiral Sureesh Mehta (PVSM, AVSM, ADC)** ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM,ADC) ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး စစ်သံမှူး Colonel, Jasvinder Singh Chopra လည်း တက်ရောက်သည်။ (သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် **Admiral Sureesh Mehta (PVSM, AVSM, ADC)** ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ကာကွယ်ရေး ဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror
ဆောင်းပါး
အညွှန်း

"တတိယ ကမ္ဘာ့နိုင်ငံများလို့ဆိုတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားမှာ သူတို့ရဲ့ သံတမန် အခင်းအကျင်းကို တိုးချဲ့ပြီး ဒေသခံပြည်သူတွေထဲက ပြည်ပအားကိုး ပုဆိန်ရိုးတွေကို ပိုမိုထိတွေ့ ဆက်ဆံလေ့ကျင့်မွေးမြူဖို့၊ အဲဒီနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်မှု လမ်းကြောင်းကို အမေရိကန် လိုလားတဲ့ လမ်းကြောင်းအတိုင်း ပုံသွင်း ပုံဖော်ပြီး လွှမ်းမိုးချုပ်ကိုင်ဖို့ လုပ်လာတာပဲ"

စာဖတ်သူတစ်ဦး၏ ***"အသွင်ပြောင်း ဒီပလိုမေစီ၏ ဇာတ်ကောင်များကို… အထူးသတိပြု"***

(ဆောင်းပါး) စာမျက်နှာ — ၈၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၁၁-၅-၂၀၀၇
(သောကြာနေ့)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျေးလက်ဒေသဖွံ့ဖြိုးရေး စုပေါင်းကြိုးပမ်း ကျေးရွာချင်းဆက်လမ်းများ တိုးမြှင့်ဖွင့်လှစ်

နိုင်ငံတော်၏ တည်ဆောက် ဖြည့်ဆည်းပေးမှုများနှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးမှုကိုဖော်ညွှန်းနေသည့် စံပြကျေးရွာ အများအပြားကို ယခုအခါ တွေ့မြင်နေရသည်။ အဆိုပါ စံပြကျေးရွာများတွင် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ၊ ရေအားလျှပ်စစ်မီးစက်တို့ကို တည်ဆောက်ဖွင့်လှစ်နိုင်၍ လျှပ်စစ်မီးများရရှိနေကြပြီဖြစ်သည်။

ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့အတွင်း အရှည်နှစ်မိုင်ကျော်ရှိ ဧီးဖြူကျွန်း-သဇင်ရေကျော် ကျေးရွာချင်းဆက် ကျောက်ချောလမ်း၊ ဗိုလ်မင်းရောင်လမ်းနှင့် အင်ကြင်းကတ္တရာလမ်းသစ်များကို မေလ ၆ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။ အလားတူ ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာရှိ ပေကိုးထောင်ကျော်ရှည် ကျေးလက်ကျောက်ချောလမ်းသစ်နှင့် မြောင်းမြမြို့နယ် ကွယ်လွယ်ကတ္တရာလမ်းသစ်တို့ကိုလည်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ တွဲဖက်အထက်တန်းကျောင်းနှင့် ကျေးရွာချင်းဆက်လမ်းများ၊ ချောင်းကူးတံတားများကို တိုးမြှင့်ဖွင့်လှစ်ထားသည်။ ကျေးလက်ပြည်သူများ ဆက်သွယ်သွားလာမှုလွယ်ကူပြီး စီးပွားရေး၊ ပညာရေးများ တိုးတက်ဖြစ်ထွန်းလျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်အတူ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များက ကြိုးပမ်းဖော်ဆောင်နေကြသည်။ ဒေသခံပြည်သူများနှင့် စေတနာအလှူရှင်များကလည်း ငွေအား၊ လူအား၊ စေတနာအားဖြင့် ပေါင်းစည်းညီညီ ပါဝင်ကြိုးပမ်းလျက်ရှိသည်။ ယင်းသို့သော အစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်း၊ စေတနာကောင်း၊ စွမ်းအားကောင်းများနှင့်အတူ ကျေးလက်နေ ပြည်သူများ၏ လူနေမှု အဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာနေပြီ ဖြစ်ပါသည်။ ။

ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကမာကဆစ် အနောက်ကျောင်းဆရာတော် ဆရာတော်ဦးဇောတိကို အမှူးထား၍ ဦးမြတ်စိုး-ဒေါ်မြအိ၊ သား ကိုဟန်ဝင်းနှင့် မောင်နှမတစ်စု ကောင်းမှုအလှူအဖြစ် ရန်ကုန်တိုင်း ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် ယောမင်းကြီးလမ်းနေ မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာ နိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ပဲခူး) ဒေါက်တာဝိစိတ္တ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်လှစ် အမျိုးသမီးဘောလုံးအသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်

နေပြည်တော် မေ ၁၀

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၄ရက် ညနေ ၅နာရီတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများက ကွင်းအတွင်း နေရာယူကြပြီး ဝန်ကြီးထံ ယခင်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းက ဒိုင်းဆုကြီးကို ပြန်လည်အပ်နှံပြီးနောက် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။ ဖွင့်ပွဲအပြီးတွင် ပထမပွဲစဉ်အဖြစ် မန္တလေးတိုင်းအမျိုးသမီးအသင်းနှင့် စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းအသင်းက ၁၀ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲ၏ ပထမအဆင့် အုပ်စုပွဲစဉ်များကို မေ ၁၂ရက်အထိ မန္တလေးမြို့ အောင်မြေမန္တလာ အားကစားကွင်း၊ ရွှေမန်းတောင် အားကစားကွင်း၊ ပြင်ဦးလွင်ခရိုင် အားကစားကွင်းနှင့် ကျောက်ဆည်ခရိုင်အားကစားကွင်းတို့၌ လည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပတ်လည် ပွဲစဉ်များကို မေ ၄ ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့အောင်မြေမန္တလာ အားကစားကွင်းနှင့် ရွှေမန်းတောင် အားကစားကွင်းတို့၌ လည်းကောင်း၊ အကြို ဗိုလ်လုပွဲများကို မေ ၂၃ ရက်တွင် မန္တလေးမြို့ ဗထူး အားကစားကွင်း၌ လည်းကောင်း၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၅ ရက်တွင် ဗထူးအားကစားကွင်း၌လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲသို့ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ဧရာဝတီတိုင်းတို့မှ အမျိုးသမီးဘောလုံးအသင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် မေ ၁၀

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇသိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မေ ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁ ၅၇၁၂၅၈သို့ ဖြစ်စေ မေ ၁၅ ရက်နောက်ဆုံးထား၍ စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ သာကေတမြို့နယ် (၇)ရပ်ကွက် ရှုခင်းသာမြို့ပတ်လမ်းနေ ဦးမြညွန့် (၇၇)နှစ်ပြည့် မွေးနေ့နှင့် ဦးမြညွန့်-ဒေါ်သန်းညွန့်တို့၏ နှစ်(၅၀)ပြည့် မင်္ဂလာအထိမ်းအမှတ်အတွက် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ထုံးဘိုကျေးရွာနှင့် မယ်ဇလီချောင်းကျေးရွာ၌ ဆောင်ရွက်

ရန်ကုန် မေ ၁၀

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးညွန့်ဆောင်နှင့်အဖွဲ့သည် ဧပြီ ၃၀ ရက်တွင် ထုံးဘိုကျေးရွာ အုပ်စုနှင့် မယ်ဇလီချောင်းကျေးရွာအုပ်စုများသို့ သွားရောက်ပြီး ကျေးရွာစာကြည့်တိုက်ကော်မတီ၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများနှင့်တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက် အဆောက်အအုံများ ဖြစ်ပေါ်လာရေးကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စဉ့်ကိုင်ကျေးရွာသို့ သွားရောက်ပြီး ရန်ကုန်မြို့နေ ဦးအောင်မြင့်ဦး၊ ဇနီး ဒေါ်ယဉ်နုနုနှင့် ဆွေမျိုးညီအစ်ကိုမောင်နှမများ လှူဒါန်းသည့် စစ်ကိုင်းမြို့နယ် စဉ့်ကိုင်ကျေးရွာ အုပ်စုနှင့် ဝက်လက်မြို့နယ် တပ်ရွာကျေးရွာ အုပ်စု စဉ့်ကိုင်မြောက်ရွာအကြားရှိ သမိုင်းဝင်ရှင်ပင် ဆိပ်ပေါက်ဘုရားကြီး ထီးတော်သစ်တင်လှူပွဲသို့ တက်ရောက်ပူဇော်ကြသည်။ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာကြည့်တိုက် အဆောက်အအုံများ ဖြစ်ပေါ်လာရေးကို ညှိနှိုင်းဆွေးနွေးရာ ရန်ကုန်မြို့နေဦးအောင်မြင့်ဦးကဇနီး၏ဇာတိရကျေးရွာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူအား၊ ငွေအား၊ မိတ်ဆွေ အပေါင်းအသင်းအားဖြင့် ပါဝင်ကူညီ သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ (ခရိုင်ပြန်/ဆက်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် သုဝဏ္ဏ ဓနအောင်လမ်းသွယ်မှ ကျေးဇူးရှင် မိခင်ကြီး ဒေါ်မေကြီးနှင့်ခင်ပွန်းဖြစ်သူ ဦးလှမြင့်တို့အား ရည်စူး၍ ဒေါ်ခင်စန်းရီနှင့် သား၊ သမီးများက ငွေကျပ် ၂၀၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စစ်တောင်းမြို့ဟောင်းအထက ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၀

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စစ်တောင်းမြို့ဟောင်း အထက၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

ယခင်အလက စစ်တောင်းမြို့ဟောင်း ကျောင်းတော်ကြီးတွင် ပညာသင်ကြားခဲ့ဖူးသောရပ်ဝေးရပ်နီးမှ ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ဦးမျိုးမြင့်အောင် ဖုန်း ၀၁-၅၆၀၅၈၄၊ ၃၉၁၀၁၄၊ ဦးဇော်မင်း ဖုန်း ၀၉-၅၁၄၁၄၇၁၊ ဦးကျင်ထွန်း ဖုန်း ၀၉ ၈၀ ၃၄၄၄၆၊ ဦးပီလူး (ဝင်းထိပ်တန်းမျက်မှန်ဆိုင်) ဖုန်း ၀၁-၂၄၀၆၁၆၊ ဒါရိုက်တာ ဓာတ်ပုံအဏ်ထော်ဏီ ဖုန်း ၀၁-၃၈၈၁၃၉နှင့် ကိုသိန်း အောင်(ခ) ကိုဟူဆင် ဖုန်း ၀၁-၆၆၃၃၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၀

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန စစ်ကိုင်းတိုင်း ပုလဲမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံ စက်ချုပ်သင်တန်း အမှတ်စဉ်(၅)၊ အဆင့်မြင့်စက်ချုပ် အမှတ်စဉ်(၁)၊ အိမ်တွင်းမှုလက်မှုသင်တန်း(ဝါး) အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်တွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး သင်တန်းသို့ အခြေခံစက်ချုပ်သင်တန်းသူ ၄၅ ဦး၊ အဆင့်မြင့်စက်ချုပ် သင်တန်းသူ ငါးဦး၊ အိမ်တွင်းမှု လက်မှုသင်တန်း (ဝါး) သင်တန်းသူလေးဦး စုစုပေါင်း ၅၄ ဦး တက်ရောက်လျက်ရှိသည်။

အလားတူ ကချင်ပြည်နယ် ပူတာအိုမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၇)၊ အဆင့်မြင့်စက်ချုပ် အမှတ်စဉ်(၁)၊ သိုးမွေးစက်ဆွဲ သင်တန်းအမှတ်စဉ်(၆)၊ အိမ်တွင်းမှုလက်မှုသင်တန်း(ကြိမ်) အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၇ ရက်၌ အဆိုပါ သင်တန်းကျောင်းခန်းမတွင် ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ စုစုပေါင်း အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး သင်တန်းသို့ အခြေခံစက်ချုပ်သင်တန်းသူ ၃၃ ဦး၊ အဆင့်မြင့် စက်ချုပ်သင်တန်းသူ ၁၀ ဦး၊ သိုးမွေးစက်ဆွဲသင်တန်းသူလေးဦး၊ အိမ်တွင်းမှု လက်မှုသင်တန်း(ကြိမ်) သင်တန်းသူလေးဦး စုစုပေါင်း ၅၁ ဦး တက်ရောက်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်မြို့၊ တနင်္သာရီတိုင်း မြိတ်၊ ကော့သောင်းမြို့၊ မကွေးတိုင်း၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့နှင့် စစ်ကိုင်းတိုင်း ယင်းမာပင် ဆားလင်းကြီးမြို့နှင့် နာဂဒေသရှိ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့များရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းနှင့် အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်၊ ဝါး) သင်တန်းဖွင့်ပွဲများ၊ မွန်ပြည်နယ်၊ မုဒုံ၊ ရေး၊ ကရင်ပြည်နယ် ဘားအံ၊ မြဝတီ၊ ကယားပြည်နယ် လွိုင်ကော်နှင့် ရခိုင်ပြည်နယ် မောင်တောမြို့များရှိ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်၊ ဝါး) သင်တန်းများ၊ ကချင်ပြည်နယ် ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ဇန်းမော်မြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်းနှင့် အိမ်တွင်းမှု လက်မှုသင်တန်း (ကြိမ်၊ ဝါး) သင်တန်းဖွင့်ပွဲများ၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ မင်းတပ် အိမ်တွင်းမှု သင်တန်းကျောင်းများ၏ အခြေခံစက်ချုပ်သင်တန်း၊ အဆင့်မြင့် စက်ချုပ်သင်တန်း၊ သိုးမွေးစက်ဆွဲ သင်တန်း၊ အခြေခံ ရက်ကန်းသင်တန်း၊ ကနုကမာ ကျောက်စီပန်းချီ သင်တန်းနှင့် အိမ်တွင်းမှုလက်မှုသင်တန်း (ကြိမ်၊ ဝါး) သင်တန်းဖွင့်ပွဲများနှင့် မတူပီ၊ တီးတိန်၊ ကန်ပက်လက် အိမ်တွင်းမှု သင်တန်းကျောင်းများ၏ အခြေခံ စက်ချုပ်သင်တန်း၊ အဆင့်မြင့်စက်ချုပ် သင်တန်း၊ သိုးမွေးစက်ဆွဲသင်တန်း၊ အိမ်တွင်းမှုလက်မှုသင်တန်း (ကြိမ်၊ဝါး) သင်တန်းဖွင့်ပွဲများကို မေ ၇ ရက်၌ ကျင်းပခဲ့ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ်ကြာမြင့်မည်ဖြစ်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) အား နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီး မြန်မာနိုင်ငံ ငါး/ပုစွန် ထုတ်လုပ်မှုများ ကြည့်ရှုလေ့လာ

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ta Quang Ngoc နှင့်အဖွဲ့ ညောင်တန်းဆိပ်ခံတံတားတွင် ပင်လယ်ငါးဖမ်း စက်လှေများမှ ငါး/ပုစွန် ကုန်တက်အခြေအနေကို ကြည့်ရှုလေ့လာစဉ်။ (မွေး/ရေ)

နေပြည်တော် မေ ၁၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၏ဖိတ်ကြားချက်အရ ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ငါးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Ta Quang Ngoc နှင့်ဇနီး Mrs. Luong Thanh Chau တို့အဖွဲ့သည် နှစ်နိုင်ငံ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ လေ့လာရေးခရီးစဉ်အဖြစ် မေ ၈ ရက် နံနက်ပိုင်းတွင် ပုဇွန်တောင်မြို့နယ် ညောင်တန်းရှိ အဏ္ဏဝါအအေးခန်းစက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ အအေးခန်းစက်ရုံ တာဝန်ရှိသူများနှင့် ငါးလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ကိုလေးတို့က စက်ရုံ၏ထုတ်လုပ်မှု စွမ်းရည်၊ ပြည်ပဈေးကွက် တင်ပို့ရောင်းချမှုနှင့် ပြည်တွင်းဖြန့်ဖြူးရေး အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့ဝင်များက ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

လေ့လာ

ထို့နောက် စက်ရုံ၏ ငါး/ပုစွန် ပြုပြင် ထုတ်လုပ်မှုအခြေအနေနှင့် ကုန်ချောအေးခဲထားမှုများကို လည်းကောင်း၊ ညောင်တန်းဆိပ်ခံတံတားတွင် ပင်လယ်ငါးဖမ်း စက်လှေများမှ ငါး/ပုစွန် ကုန်တက်အခြေအနေနှင့် ပြည်တွင်းစားသုံးမှုအတွက် ရောင်းချမှု အခြေအနေများကို ကြည့်ရှုလေ့လာကြသည်။

ဓာတ်ခွဲခန်းကြည့်ရှု

ထိုမှတစ်ဆင့် ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတမြို့နယ် ရွှေခင်းသာလမ်းရှိ ငါးလုပ်ငန်းဦးစီးဌာန ပဋိဇီဝဓာတ်ကြွင်းနှင့် မိုင်းရပ်ရောဂါပိုး စစ်ဆေးရေးဓာတ်ခွဲခန်းသို့ ရောက်ရှိပြီး တာဝန်ရှိသူများ၏ ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်မှုများတွင် ဓာတ်ခွဲစစ်ဆေးသည့် အခြေအနေ တင်ပြချက်များအပေါ် ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့က ပြန်လည်မေးမြန်းဆွေးနွေးပြီး သုတေသန ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ရှင်းလင်းတင်ပြ

ညနေပိုင်းတွင် ဧည့်သည်တော် ဝန်ကြီးနှင့် အဖွဲ့သည် လှိုင်သာယာမြို့နယ် စက်မှုဇုန်ရှိ Great International Co., ၏ တန် ၅၀၀၀ ဆံ့ အအေးခန်းစက်ရုံသို့ ရောက်ရှိပြီး စက်ရုံဧည့်ခန်းမဆောင်၌ စက်ရုံ၏ ထုတ်လုပ်မှုနည်းစနစ်၊ ပြည်ပတင်ပို့ရောင်းချမှုနှင့် စက်ရုံသမိုင်းကြောင်းများကို စက်ရုံတာဝန်ရှိသူများနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးတို့က ရှင်းလင်းတင်ပြကြရာ ဧည့်သည်တော် ဝန်ကြီးနှင့်အဖွဲ့က ပြန်လည်ဆွေးနွေး မေးမြန်းကြပြီး စက်ရုံ၏ ငါး/ပုစွန် ကုန်ချောပြုပြင်ထုတ်လုပ်နေမှု ကုန်ချောအေးခဲပြီး အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့

22 May 2007

International Day for Biological Diversity

Biodiversity and Climate Change

ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်

နိုင်ငံသား စိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေး အစီအစဉ်အရ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အတွင်းရှိ အမှတ်(၃၀)၊ (၃၄)၊ (၃၅)ရပ်ကွက် ဓမ္မာရုံများတွင် မေ ၆ ရက်က ဆောင်ရွက်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းသိန်းနှင့်အဖွဲ့က ကာယကံရှင်များလက်ဝယ်သို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားများပေးအပ်စဉ်။ (က–ပ)

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ပြသထားသော လူ ၂၃၀ စီးနင်းနိုင်သည့် ကျည်ဆန်ကားကို မေ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ ရာထူးမှနုတ်ထွက်မည်

လန်ဒန် မေ ၁၀

မိမိသည် အစိုးရအဖွဲ့အကြီးအကဲအဖြစ်မှ ဇွန် ၂၇ရက်တွင် နုတ်ထွက်မည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ယနေ့ထုတ်ပြန်ကြေညာသည်။

တိုနီဘလဲသည် ဗြိတိန်ဝန်ကြီးချုပ်အဖြစ် ၁၀နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ တိုနီဘလဲသည် ၎င်း၏ မဲဆန္ဒနယ်ဖြစ်သော အင်္ဂလန်မြောက်ပိုင်း ဆက်ဂျီးဖီးလ်မြို့တွင် ပါတီလှုပ်ရှားသူများအား မိန့်ခွန်းပြောကြားရာ၌ ယင်းသို့ကြေညာခြင်းဖြစ်သည်။ ၎င်းသည် လေဘာပါတီခေါင်းဆောင်သစ် ရွေးချယ်ပြီးချိန်အထိ ဝန်ကြီးချုပ်ရာထူးတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။

လာမည့်အထွေထွေရွေးကောက်ပွဲတွင် လေဘာပါတီ၏ ရပ်တည်ချက် ကောင်းမွန်စေရေးအတွက် ပါတီအကြီးအကဲအဖြစ် ဂေါ်ဒွင်ဘရောင်း ဦးဆောင်ရန် မိမိထောက်ခံကြောင်း ဘလဲကပြောကြားသည်။

လေဘာပါတီကို ဂေါ်ဒွင်ဘရောင်း ဦးဆောင်ခြင်းဖြင့် ပြည်သူ့ထောက်ခံမှုကျဆင်းသွားသော ယင်းပါတီအနေဖြင့် အင်အားပြန်လည်ခိုင်မာတောင့်တင်းလာနိုင်ကြောင်း တိုနီဘလဲက ပြောကြားသည်။

အီရတ်စစ်ပွဲကို ဆင်နွှဲသည့် အမေရိကန်နိုင်ငံအား ထောက်ခံခဲ့သည့်အတွက် တိုနီဘလဲနှင့် ၎င်း၏လေဘာပါတီမှာ ပြည်သူထောက်ခံမှု ကျဆင်းခဲ့ရခြင်းဖြစ်သည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀၀ အီရတ်သို့ စေလွှတ်မည်

ဝါရှင်တန် မေ ၉

နောက်ထပ်အမေရိကန်တပ်ဖွဲ့ဝင် ၃၅၀၀၀ ကို အီရတ်သို့ စေလွှတ်သွားရန် ရှိနေကြောင်း အမေရိကန် စစ်ဌာနချုပ်က အင်္ဂါနေ့တွင် ပြောကြားသည်။ ယခုနှစ်ကုန်အထိ လုံခြုံရေးအရ ဖိနှိပ်မှု ဆက်လက်ပြုလုပ်နိုင်ရန် လုံလောက်သည့်တပ်ဖွဲ့ဝင်များ ပေးပို့သည့်လုပ်ရပ်ဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်သည် စစ်ဘက်တွင် တပ်ဖွဲ့ဝင် ထပ်မံတိုးမြှင့်မှုဖြင့် ဆက်နွှယ်မှုမရှိဟု အမေရိကန် စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဘရိုင်ယန်ဝှစ်တမန်က ပြောကြားသည်။ နောက်ထပ် တပ်ဖွဲ့ ၁၀ ဖွဲ့ အီရတ်တွင်ဖြန့်ကြက်ရန် ကြေညာချက်သည် တပ်ဖွဲ့ဝင်တိုးချဲ့သည့် ဆုံးဖြတ်ချက် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ဘဂ္ဂဒက်မြို့၏ အခြေအနေကို သုံးသပ်ပြီး အမေရိကန်စစ်ဌာနချုပ်က တပ်ဖွဲ့ဝင် ၃၀,၀၀၀ ခန့်တိုးမြှင့်လျက်ရှိသည်။ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၄၆,၀၀၀ အထိရှိပြီး နောက် နောက်ထပ် တပ်ဖွဲ့ဝင်များပါနှင့်ဆိုပါက တပ်ဖွဲ့ဝင် ဦးရေသည် ၁၆၄,၀၀၀ အထိ ရှိမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အမေရိကန် ဗိုလ်ချုပ်ကြီးဟောင်းသုံးဦး သမ္မတဘုရှ်၏ အီရတ်မူဝါဒကို ဝေဖန်

ဝါရှင်တန် မေ ၁၀

အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်၏ အီရတ်ဆိုင်ရာ မူဝါဒများနှင့် ပတ်သက်၍ အမေရိကန် ဗိုလ်ချုပ်ကြီးဟောင်းသုံးဦးက မေ ၉ ရက်က ဝေဖန်ခဲ့ကြကြောင်း ဖော့က်သတင်းဌာနက ပြောကြားသည်။

၎င်းအငြိမ်းစားဗိုလ်ချုပ်ကြီးသုံးဦးမှာ ဂျွန်ဘာတစ်တီး၊ ပေါလ်အီတန်နှင့် ဝက်စလေကလက်တို့ဖြစ်သည်။ ၎င်းတို့၏ ဟောပြောမှုများကို စစ်ဆန့်ကျင်ရေးအဖွဲ့အစည်း ဗိုဗက်၏စီစဉ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးဟောင်း ဘာတစ်တီးသည် တစ်ချိန်က အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များကို ဦးဆောင်ခဲ့သူဖြစ်သည်။ သမ္မတ ဘုရှ်သည် အမေရိကန်တပ်ဖွဲ့များကို အီရတ်စစ်ပွဲဆီသို့ မှားယွင်းစွာခေါ်ဆောင် ခဲ့သူဖြစ်သည်ဟု ၎င်းကပြောကြားသည်။

သမ္မတအနေဖြင့် ပြည်သူများ၏ စကားကိုနားမထောင်ဘဲ မှားယွင်းနေသောစစ်ပွဲကို ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

မိမိသည် သမ္မတ၏ လုပ်ရပ်ကို ကန့်ကွက်ရန် တပ်ဖွဲ့မှ အနားယူခဲ့ခြင်းဖြစ်သည်ဟု ၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ဂျီးရီးယားတွင် တိုက်ခိုက်ရေးသမားများက ရေနံပိုက်လိုင်းသုံးခုကို ဖောက်ခွဲဖျက်ဆီး

လေဂို့စ် မေ ၉

နိုင်ဂျီးရီးယားနိုင်ငံမှ နိုင်ဂျာမြစ်ဝကျွန်းပေါ် လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့ (အမ်အီးအင်ဒီ)က နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်းဒေသ၌ အင်္ဂါနေ့တွင် အဓိက ရေနံပိုက်လိုင်းသုံးခုကို တိုက်ခိုက်ခဲ့သဖြင့် နေ့စဉ်ရေနံစိမ်းပီပါ ၂၀၀,၀၀၀ ခန့် ဆုံးရှုံးဖွယ်ရှိသည်ဟု ဆင်ဟွာသတင်းက ဖော်ပြသည်။

အဆိုပါအဖွဲ့က ယင်းရေနံပိုက်လိုင်းများကို ဒေသစံတော်ချိန် နံနက် ၁ နာရီတွင် တိုက်ခိုက်ရန် တိုက်ခိုက်ရေးသမားများကို စေလွှတ်ခဲ့ပြီး နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသရှိ ဘာယယ်ဆာပြည်နယ်မှ ရေနံပိုက်လိုင်းသုံးခုကို ဖျက်ဆီးခဲ့သည်။

ပိုက်လိုင်းနှစ်ခုသည် အက်ဆာနယ်မြေအတွင်းရှိပြီး ကျန်ပိုက်လိုင်းတစ်ခုသည် ဘရပ်စ်ပြည်နယ်တွင်ရှိသည်။ ယင်းအဖွဲ့မှ တိုက်ခိုက်ရေးသမားများသည် ထိုတိုက်ခိုက်မှုတွင် ပါဝင်ခဲ့ပြီး ဒဏ်ရာတစ်စုံတစ်ရာ မရဘဲအခြေစိုက်စခန်းသို့ ပြန်လာခဲ့သည်ဟု အမ်အီးအင်ဒီက ပြောကြားသည်။

ယင်းအဖွဲ့က ရေနံပိုက်လိုင်းအားလုံး ရေနံတူးစင်များနှင့် အထောက်အကူပြုသင်္ဘောများကို တိုက်ခိုက်သွားမည်ဟု ကြေညာထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ ၁၆ ဦး သေ ၇၀ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၉

အီရတ်နိုင်ငံမှ နာဂျက်ဖ်အနီး ကူဖာမြို့ရှိ လူစည်ကားရာ ဈေးတစ်ဈေးတွင် အသေခံ ဗုံးဖောက်ခွဲခဲ့သဖြင့် သေဆုံးသူဦးရေသည် အင်္ဂါနေ့တွင် ၁၆ ဦးထက်မနည်း မြင့်မားလာခဲ့ပြီး လူ ၇၀ အထိ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

နာဂျက်ဖ်မြို့ အရှေ့မြောက် ၁၀ ကီလိုမီတာခန့်ရှိ ဂျိဆာလမ်းမပေါ်တွင် ဗုံးဖောက်ခွဲခဲ့သဖြင့် ၁၆ဦး သေဆုံးပြီး အခြား ၇၀ ခန့် ဒဏ်ရာရခဲ့သည်ဟု သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အဆိုပါ သတင်းရပ်ကွက်က စောစောပိုင်းတွင် ၁၀ ဦး သေဆုံးပြီး အခြား ၂၅ ဦး ဒဏ်ရာရရှိသည်ဟု ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲသူသည် ပေါက်ကွဲစရာ ပစ္စည်းအပြည့်တင်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်ပြီး ဆိုင်တန်းများနှင့် လဟာပြင်ဈေးရှိရာ လူစည်ကားသည့် လမ်းမကြီးပေါ်တွင် ဗုံးဖောက်ခွဲခဲ့သည်ဟုဆိုသည်။

သေဆုံးသူ၊ ဒဏ်ရာရသူများတွင် မိန်းမများနှင့်ကလေးငယ်များ ပါဝင်ပြီး ဗုံးပေါက်ကွဲမှုကြောင့် အနီးရှိဈေးဆိုင်များနှင့် မော်တော်ယာဉ်များ ပျက်စီးခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ မြောက်ပိုင်း အာဘီးလ်မြို့တွင် ထရပ်ကား ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသောကားတစ်စီးကို မေ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာဘီးလ်မြို့တွင် ကားဗုံးပေါက်ကွဲ ၂၀ သေဆုံး၊ ၇၀ ဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၀

အီရတ်နိုင်ငံမြောက်ပိုင်း ကာဒစ္စတန်ဒေသ အာဘီးလ်မြို့တွင် မေ ၉ရက်က ထရပ်ကားဗုံးပေါက်ကွဲရာ လူ ၂၀အထိ သေဆုံးပြီး ၇၀ ဒဏ်ရာရရှိသွားကြောင်း ဒေသခံရဲတပ်ဖွဲ့က ပြောကြားသည်။

အစောပိုင်းက ရရှိသောသတင်းများအဆိုအရ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသူဦးရေမှာ ၃၀ ပင်ရှိသည်ဟုဆိုသည်။ သို့သော် နောက်ပိုင်းသတင်းများအရ ကာဒစ်ပြည်ထဲရေးဌာနမှ ဝန်ထမ်းအချို့အပါအဝင် လူ ၂၀ သေဆုံးပြီး ၇၀ ဒဏ်ရာရကြောင်း ဒေသခံ ကျန်းမာရေးဝန်ကြီးဌာနသတင်းများကဖော်ပြသည်။

ကာဒစ်ပြည်ထဲရေးရုံး ရှေ့တွင် ယမ်းဘီးလူးကီလိုဂရမ် ၈၀၀ တင်ဆောင်လာသောကားကို နံနက် ၈နာရီခန့်အချိန်တွင် ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် ဒေသပါလီမန်ရုံး အပါအဝင် ပြည်ထဲရေးရုံးမျက်နှာစာများပျက်စီးသွားသည်။

အာဘီးလ်မြို့သည် ဘဂ္ဂဒက်မြို့မြောက်ပိုင်းကီလိုမီတာ ၃၅၀ အကွာ ကာဒစ္စတန်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရပြည်နယ်တွင် တည်ရှိပြီး ယင်းမြို့သည် သာမန်အားဖြင့် အေးဆေးငြိမ်းချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖိလစ်ပိုင်နိုင်ငံ တာကူရောင်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို မေ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

စွမ်းအင်သုံးစွဲမှုထိန်းချုပ်ရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျှော့ချရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင် တိုက်တွန်း

ပေကျင်း မေ ၉

တရုတ်နိုင်ငံရှိ စက်မှုလုပ်ငန်းများအနေဖြင့် စွမ်းအင်သုံးစွဲမှုထိန်းချုပ်ရန်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို ဆောင်ကြဉ်းသွားရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က တိုက်တွန်းပြောကြားသည်။

တရုတ်နိုင်ငံ စီးပွားရေးဖွံ့စည်းမှု ပုံသဏ္ဌာန်နှင့် စက်မှုလုပ်ငန်းများ၏ လောင်စာစွမ်းအင် သုံးစွဲမှုတို့ကို ထိန်းချုပ်နိုင်ခြင်းမရှိပါက နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားနိုင်လိမ့်မည်မဟုတ်ဟု ဝန်ကြီးချုပ်ဝမ်က ပြောကြားသည်။

မိမိတို့အနေဖြင့် စီးပွားရေး တိုးတက်အောင် ဆောင်ရွက်ရာ၌ ရွေးချယ်ရာ နည်းလမ်းမရှိကြောင်း၊ လောင်စာကို သုံးစွဲရာ၌ သန့်ရှင်းသော နည်းလမ်းကို သုံးစွဲခြင်းဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိအောင် ဆောင်ရွက်လျက်ရှိစဉ် စီးပွားရေးကိုလည်း ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ထိုသို့ ဆောင်ရွက်ရန် နည်းလမ်းအဖြစ် လောင်စာစွမ်းအင် များစွာသုံးစွဲသော လျှပ်စစ်ဓာတ်အား လုပ်ငန်း၊ သံမဏိလုပ်ငန်း၊ ရေနံချက် လုပ်ငန်း၊ ဓာတုဗေဒလုပ်ငန်းနှင့် ဆောက်လုပ်ရေး ပစ္စည်းထုတ်လုပ်သော လုပ်ငန်းများကို ထိန်းချုပ်သွားမည် ဖြစ်သည်။ ထို့အပြင် မြေယာအသုံးပြုမှု၊ ချေးငွေထုတ်ပေးမှုများကို ထိန်းချုပ်မည်သာမက ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုစံများကိုလည်း သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့ ဂရစ်ဖစ်ဥယျာဉ်အတွင်း တောမီးလောင်ကျွမ်းနေရာ မီးသတ်သမားတစ်ဦး ငြိမ်းသတ်နေသည်ကို မေ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ကားဗုံးခွဲတိုက်ခိုက် တပ်ဖွဲ့ဝင်ခုနစ်ဦးသေဆုံး

နာရာသီဝပ် မေ ၉

သောင်းကျန်းသူများ၏ ယခုနှစ် တိုက်ခိုက်မှုများအနက် အပြင်းထန်ဆုံးဖြစ်သော မေ၉ရက်တိုက်ခိုက်မှုတွင် ထိုင်းတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးရသည်။

တပ်ဖွဲ့ဝင်များသည် နာရာသီဝပ် ပြည်နယ် ရင်ဂါခရိုင်၌ တာဝန်ထမ်းဆောင်အပြီး ပြန်လာကြစဉ် ယခုကဲ့သို့ ဗုံးဖောက်ခွဲခံရခြင်းဖြစ်သည်။

နိုင်ငံတောင်ပိုင်း လုံခြုံရေးအတွက် ယခုကဲ့သို့ လပ်ဘူရီဒေသမှ အထူးတပ်ဖွဲ့ဝင်များကို ကင်းလှည့်စေလွှတ်ခဲ့ခြင်းဖြစ်သည်။

သောင်းကျန်းသူများသည် လမ်းဘေးထောင်ဗုံးကို အဝေးထိန်းစနစ် အသုံးပြု၍ ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ပြင်းထန်လှသောဗုံးကြောင့် ယာဉ်အတွင်း လိုက်ပါလာသော တပ်ဖွဲ့ဝင်အားလုံးသေဆုံးပြီး ယာဉ်မှာလည်း ပျက်စီးသွားသည်။

အင်တာနက်။

ကနေဒါနိုင်ငံတွင် ပါးချိတ်ရောင်ရောဂါ ကူးစက်ပြန့်ပွားနေ

အော့တာဝါ မေ ၅

၂၀၀၇ခုနှစ် အစောပိုင်း ကာလကတည်းက ပါးချိတ်ရောင်ရောဂါသည် ကနေဒါနိုင်ငံတွင်း၌ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၂၀၀ကျော် ယင်းရောဂါ ကူးစက်ခံခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနက မေ ၅ ရက်နေ့တွင် ဖော်ပြသည်။

ကူးစက်

ကနေဒါနိုင်ငံအရှေ့ဘက် နိုဗာစကိုတီးရာ ပြည်နယ်၌ ယင်းပါးချိတ်ရောင်ရောဂါစတင်ကူးစက်ခံခဲ့ရရာ လူပေါင်း ၂၀၃ဦး ရောဂါဝေဒနာ ခံစားရသည်။ ထို့နောက် ယင်းရောဂါသည် အလယ်ပိုင်း ပြည်နယ်များသို့ ဆက်လက်ပျံ့နှံ့ကူးစက်ခဲ့ကြောင်းကို ကနေဒါအသံလွှင့်ဌာနက ကြေညာခဲ့သည်။

အွန်တေရီယိုပြည်နယ်ရှိ လူသုံးဦးသည် ပါးချိတ်ရောင်ရောဂါ ဝေဒနာ ခံစားနေရကြောင်းကို အတည်ပြုခဲ့ပြီး နောက်ထပ်ငါးဦးမှာလည်း ယင်းရောဂါဝေဒနာခံစားနေရသည်ဟု သံသယရှိသဖြင့် စစ်ဆေးမှုများပြုလုပ်နေဆဲဖြစ်သည်။ ထို့ပြင် နယူးဘန်းစစ်ပြည်နယ်ရှိ လူ၃၄ ဦးနှင့် ပရင့်စ်အက်ဝက် ကျွန်း၌လည်း လူတစ်ဦးတို့မှာ ယင်းပါးချိတ် ရောင်ရောဂါခံစားနေရသည်ကို အတည်ပြုခဲ့သည်ဟု သိရှိရသည်။

ထိုပါးချိတ်ရောင်ရောဂါ ဖြစ်ပွားမှုသည် တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့်အတွက် အော့တာဝါ ပြည်သူ့ကျန်းမာရေးအဖွဲ့က ကိုင်တွယ်ဖြေရှင်းပေးရန် နိုဗာစကိုတီးရာ ဆေးဘက်ဆိုင်ရာ အရာရှိများက တောင်းဆိုခဲ့သည်။

အကျိုးဆက်

ပါးချိတ်ရောင်ရောဂါ ဖြစ်ပွားခြင်းသည် ဆိုးရွားသော ရောဂါအကျိုးဆက်ဖြစ်ပွားနိုင်သည်။ ယင်းရောဂါဖြစ်ပွားရာတွင် အကြိတ်ရောင်လာခြင်းနှင့် အခြားသော ရောဂါလက္ခဏာများ ဝင်ရောက်နိုင်သည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တောင်ကိုရီးယား၌ ထောင်ဒဏ်ချမှတ်

ဆိုးလ် မေ ၈

အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ တောင်ကိုရီးယားနိုင်ငံသား အငှားယာဉ်မောင်းတစ်ဦးကို ကိုယ်ထိလက်ရောက်တိုက်ခိုက်ခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ထောင်ဒဏ်ရှစ်လ ပြစ်ဒဏ်ချမှတ်ခံရကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

တရားခံက ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ ယာဉ်မောင်းကို တိုက်ခိုက်ခဲ့သည်ဟု ဆိုးလ်ခရိုင် တရားရုံးမှ တရားသူကြီး ရန်ဆွတ်က ပြောကြားသည်။

ပြစ်ဒဏ်

တရားသူကြီးက ၎င်း တပ်ဖွဲ့ဝင်အား ထောင်ဒဏ်ပြစ်ဒဏ် စီရင်မည့်ကာလကို ဆိုင်းငံ့ထားပြီး ၎င်းက ယာဉ်မောင်းသို့ လျော်ကြေးပေးခဲ့ကြောင်း၊ ၎င်းကို ရာထူးလျှော့ချခဲ့ကာ လစာမှလည်း ဖြတ်တောက်ခဲ့ကြောင်း ပြောကြားသည်။

ချမှတ်

၎င်းသည် အမှတ်(၈) အမေရိကန် ကြည်းတပ်ဂုဏ်ပြုတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်ခဲ့မှုကြောင့် ဒဏ်ငွေ ဝမ်နှစ်သန်း(၂၁၆၄ဒေါ်လာ) ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခံရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒရာဘတ်မြို့မှ ခေါင်းချင်းဆက် အမြွှာကလေးနှစ်ဦးကို မေ ၉ ရက်က ဆေးရုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တိုကျိုမြို့၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

တိုကျို မေ ၉

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မေ ၈ ရက်က ရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံများ တုန်ခါသွားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ငလျင်ကြောင့် ပျက်စီးမှုသို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း မီးသတ်ဌာန တာဝန်ရှိသူများက ပြောကြားသည်။ ဆူနာမီငလျင်လှိုင်း သတိပေးချက် ထုတ်ပြန်ခြင်း မရှိပေ။

ငလျင်၏ ဗဟိုချက်မှာ တိုကျိုမြို့ မြောက်ဘက် အီဘာရာကီပြည်နယ် မြေအောက်အနက် ကီလိုမီတာ ၅၀ ဖြစ်သည်။

ကမ္ဘာတွင် ငလျင်အများဆုံး လှုပ်ရာ နိုင်ငံများတွင် ဂျပန်နိုင်ငံလည်း ပါဝင်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အလာစကာဒေသ၌ ကျက်စားသော ဂရစ်ဇလီဝက်ဝံတစ်ကောင်ကို မေ ၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အိန္ဒိယအရှေ့ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်း၊ ရှစ်ဦးသေဆုံး

နယူးဒေလီ မေ ၉

အိန္ဒိယအရှေ့ပိုင်း ဩရိဿပြည်နယ်၌ မထင်မှတ်သော မုန်တိုင်းကြောင့် သည်းထန်စွာ မိုးရွာသွန်းခြင်းနှင့် မိုးကြိုးပစ်ခြင်းများဖြစ်ပွားခဲ့ရာ လူရှစ်ဦး သေဆုံးခဲ့သည်။ ၎င်းတို့ထဲတွင် အမျိုးသမီး ခြောက်ဦးပါဝင်ခဲ့ကြောင်း အင်ဒိုအေးရှ သတင်းဌာနက မေ ၈ရက်နေ့တွင်ဖော်ပြသည်။

မေ ၇ရက်နေ့ညပိုင်း၌ ဩရိဿပြည်နယ် ဘူဘန်စဝါဒေသ၊ ဘန်ဂူဒေသ၊ ဒန်ကာနယ်ဒေသနှင့် ပူရီဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။ဒန်ကာနယ်ဒေသတွင် မိုးကြိုးပစ်ခံရသဖြင့် လူလေးဦးသေဆုံးခဲ့ပြီး ဖန်ဂူဒေသ၌ သုံးဦးနှင့် ပူရီဒေသတွင် တစ်ဦးသေဆုံးခဲ့သည်။ ယင်းဒေသများ၌ သစ်ပင်များသည် အမြစ်မှကျွတ်၍ ပြိုလဲသွားပြီး လျှပ်စစ်ဓာတ်အားများလည်း ပြတ်တောက်သွားကြောင်း သိရှိရသည်။ ဂန်ဂျန်းခရိုင်တွင် မျောက် ၁၄ကောင်မှာလည်း မိုးကြိုးပစ်ခံရ၍ သေဆုံးခဲ့သည်ဟု အင်ဒို–အေးရှသတင်းဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၇ ဂုဏ်ပြုညစာစားပွဲအခမ်းအနား တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ချီးမြှင့်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၇ ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဋ္ဌေးနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေနှင့် အဖွဲ့ဝင်များ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းမှ ကိုယ်စားလှယ်များ၊ ထူးချွန်ကြက်ခြေနီ မောင်မယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သာလှရွှေက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ထူးချွန်ကြက်ခြေနီ မောင်မယ်များကိုယ်စား ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်မှ ထူးချွန်ကြက်ခြေနီ မဇင်မြတ်မှုဝင်းထက်က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များ၊ထူးချွန်ကြက်ခြေနီမောင်မယ်များနှင့် ဖိတ်ကြားထားသူများအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

ထို့နောက် ကြက်ခြေနီမောင်မယ်များ၊ ကျောင်းသား၊ ကျောင်းသူကလေးများက တေးသံသာများ၊ ကြက်ခြေနီ ဂုဏ်ပြုအစီအစဉ်များဖြင့် ဖျော်ဖြေကြပြီး ထူးချွန်ကြက်ခြေနီ မောင်မယ်များက ကြက်ခြေနီ ဂုဏ်ပြုတေးသီချင်းကို သံပြိုင်သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ–၂၀၀၇ ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို တက်ရောက်ချီးမြှင့်စဉ်နှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသာလှရွှေ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ဗုဒ္ဓဝင်စာမေးပွဲ ဆုနှင်းသဘင် ကျင်းပ

ရန်ကုန် မေ ၁၀

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း YMBA မှ ကြီးမှူးကျင်းပသော (၅၈)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ ဆုနှင်းသဘင် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အသင်းခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်(စီမံ) ဒေါက်တာ မြင့်ကြည်နှင့် YMBA အသင်းဥက္ကဋ္ဌ ဦးဗိုလ်နီတို့က အမှာစကား ပြောကြားပြီး စာမေးပွဲ၌ တတိယဆင့် အကြီးတန်း၌ ဆုရရှိသူ ၁၀ ဦး၊ ဒုတိယဆင့် အလတ်တန်း၌ ဆုရရှိသူ ၂၀ ဦး၊ ပထမအဆင့် အငယ်တန်း၌ ဆုရရှိသူ ၄၀ ဦး စုစုပေါင်း သင်တန်းသား ၇၀ ဦးတို့အား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး **(အပေါ်ပုံ)** ဆုရ သင်တန်းသားများကိုယ်စား ဧရာဝတီတိုင်းမှ မလှယမင်းဖြိုးနှင့် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်မှ မပွင့်သက်ပိုင်မှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။ (က–ပ)

ဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၁၀

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ် ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ–ဝိပဿနာ တရားတော်များကို ဒလမြို့နယ် အုံ့ကြီးအရှေ့ရပ်ကွက်ရှိ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်း နည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ–အုံ့ကြီး)က ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်း သာဓုကာရီ ဓမ္မာရုံကြီးတွင် မေ ၁၆ရက်မှ ၂၂ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း၊ ၂၄ရက်မှ ၃၀ရက်အထိ ဒေါပုံမြို့နယ် ပြာသာဒ်ပရိယတ္တိစာသင်တိုက်တွင် ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံတွင် ဇွန် ၁ရက်မှ ၇ရက်အထိ ညနေ ၆နာရီမှ ၇နာရီခွဲအထိလည်းကောင်း ရွှေတိဂုံဘုရား အရှေ့ဘက်စောင်းတန်းအနီး အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်တွင် ၈ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအထိလည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက် ကျောင်းကြီးလမ်း ကျောင်းကြီးတိုက်ရှိ မဟာပုညောပကာရဓမ္မာရုံတွင် ၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှ ၈နာရီအထိလည်းကောင်း၊ ကိုယ်တွေ့ဉာဏ်မြင် ဟောပြော ပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က–ပ)

ဝန်ကြီး ဦးအောင်သောင်း ဘိလပ်မြေစက်ရုံစီမံကိန်း(နေပြည်တော်)ကို ကြည့်ရှု စက္ကူညိုစက်ရုံ၊ ပျော့ဖတ်စက်ရုံနှင့် ဓာတ်ဆားပြန်ထုတ်စက်ရုံ စီမံကိန်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် မေ ၁၀

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ မေ ၆ ရက်တွင် မန္တလေးတိုင်း လယ်ဝေးမြို့နယ် တဲကြီးကုန်းကျေးရွာအနီး၌ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် တစ်နေ့တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံ စီမံကိန်း (နေပြည်တော်)သို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းယာယီရှင်းလင်းဆောင်၌ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက နေပြည်တော် ဘိလပ်မြေစက်ရုံစီမံကိန်း တည်ဆောက်မည့်မြေနေရာ ပြုပြင်မှုအခြေအနေများကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် သာဝတ္ထိမြို့၏ အရှေ့ဘက် ၁၁ မိုင်ခန့်အကွာရှိ အောင်စည်လာကျေးရွာအနီး၌ တွေ့ရှိသော တောင်ဖီလာ ထုံးကျောက်သိုက်ခန့်မှန်းခြေ အလျားပေ ၄၀၀၀၊ အနံပေ ၂၀၀၊ အမြင့်ပေ ၄၀၀ ကျောက်သားထု စုစုပေါင်း တန်ချိန်သန်း ၄၀ခန့် တည်ရှိမှုအခြေအနေ၊ စက်ရုံတည်ဆောက်မည့် မြေပြန့်အခြေအနေ၊ မယ်ပော်ချောင်းမှ ရေရရှိနိုင်မည့်အခြေအနေနှင့် ရေသိုလှောင်ထားရှိမည့် အစီအမံများကိုလည်းကောင်း၊ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံတည်ဆောက်မည့် မြေနေရာပြုပြင်မှုကို ကြည့်ရှုစစ်ဆေး၍ တောင်ဖီလာ ထုံးကျောက်တောင်ပေါ်သို့ ရောက်သွားကာ စက်ရုံတည်ဆောက်မည့် မြေနေရာနှင့် ထုံးကျောက်တောင်မှ ထုံးကျောက် သယ်ယူမည့် ပေ ၂၆၀၀ အရှည် ရွေ့လျားစက်လှေကားဖြင့် သယ်ယူမည့်လိုင်းများ တပ်ဆင်မည့် အခြေအနေများကိုလည်းကောင်း၊ထုံးကျောက်များ တူးဖော်မည့် နေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့ပြဆိုင်ရာ တည်ဆောက်မည့်အခြေအနေ၊ အင်ဂျင်နီယာပိုင်းဆိုင်ရာ စက်များ တပ်ဆင်မည့် ကိစ္စရပ်များကို အပြန်အလှန်စိစစ်သုံးသပ်ခြင်း၊ ပညာရှင်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်နှင့် စက်ရုံတိုးချဲ့မည့် အစီအမံများကို ယခုကတည်းက ကြိုတင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ဝန်ကြီးသည် မန္တလေးတိုင်း လယ်ဝေးမြို့နယ် အောင်နန်းချို ကျေးရွာအနီး Max Myanmar ကုမ္ပဏီလီမိတက်က တည်ဆောက်မည့် တစ်နေ့တန် ၅၀၀ ကျ ဘိလပ်မြေစက်ရုံ စီမံကိန်းမြေနေရာသို့ ရောက်ရှိရာ စက်ရုံတည်ဆောက်မည့်မြေနေရာ အခြေအနေများနှင့် စက်ရုံတည်ဆောက်မည့် အခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ ဘိလပ်မြေစက်ရုံများ တည်ဆောက်ခြင်းသည် နိုင်ငံတော်၏ ဘိလပ်မြေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်၊ နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေကို အနီးကပ်ဖြည့်ဆည်းပေးနိုင်ရန်၊ ပြည်တွင်းထွက် သယံဇာတကုန်ကြမ်းပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်၊ နေပြည်တော်ပတ်ဝန်းကျင်တွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးမှုနှင့်အတူ နယ်မြေအတွင်းရှိ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်ရည်ရွယ်၍ တည်ဆောက်ခြင်းဖြစ်သည်။

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ လက်ရှိရေနီ အမှတ်(၂) စက္ကူစက်ရုံအနီးတွင် တည်ဆောက် အကောင်အထည်ဖော်နေသော မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း၏ တစ်နေ့တန် ၈၀ စက္ကူညိုစက်ရုံ၊ တစ်နေ့တန် ၅၀ ဓာတုကြိတ်ပျော့ဖတ်စက်ရုံနှင့် တစ်နေ့တန် ၁၂၀ ဓာတ်ဆားပြန်ထုတ်စက်ရုံ တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးညွန့်အောင်က စီမံကိန်းလုပ်ငန်း၏ မြို့ပြဆိုင်ရာနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ လုပ်ငန်းများ တည်ဆောက်ပြီးစီးမှု၊ စက်ပစ္စည်းများ ရောက်ရှိ တပ်ဆင်မှုအခြေအနေ၊ လုပ်ကွက်အလိုက် အခြေအနေတို့ကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်း တင်ပြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများဖြစ်သဖြင့် အားနည်းချက်များ မပါဝင်သော တည်ဆောက်ရေး လုပ်ငန်းများအဖြစ် စနစ်တကျ စစ်ဆေးကြပ်မတ်မှုများ ပြုလုပ်ရန်၊ သတ်မှတ်ကာလထက် စောပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း တည်ဆောက်လျက်ရှိသော သစ်ပျော့ဖတ် ပြုလုပ်ရေး အဆောက်အအုံ၊ ဝါးချက်အိုးနှင့် ရေဆေးဌာန၏ အုတ်မြစ် R.C နှင့် ပိုက်လိုင်းများ တပ်ဆင်မှုကို လည်းကောင်း၊ အငွေ့ပြန်ဌာန၊ ဓာတ်ဆားပြန်ထုတ်ဘွိုင်လာဌာန၊ ခေါင်းတိုင်အမြင့် တည်ဆောက်မှုအခြေအနေနှင့် ဓာတ်အားပေးစက်ရုံ ဘွိုင်လာတပ်ဆင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားကာ တရုတ်ပညာရှင်များအား သစ်သီးခြင်း လက်ဆောင် ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှင် ၁၀၈ ပါး သာသနာ့ဘောင် သွတ်သွင်းမည်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘာ့ဇရိပ်သာ ၇/P–၁ နေ ပါမောက္ခ ဒေါက်တာ ဦးမျိုးမြင့်–ဒေါက်တာ တင်တင်အောင် မိသားစုတို့က မိခင်ကြီး ဒေါ်မြကြည် အမှူးထားကာ ကွယ်လွန်သူ ဖခင်ကြီး ဒေါက်တာ ဦးသိန်းအောင်အား ရည်စူးလျက် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက် မာလာမြိုင် (၁၀)လမ်းရှိ မေတ္တာဝါဒီ ဟသ်ာတ (ပရဟိတ) ကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သီလာနန္ဒထံ၌ မေ ၁၆ ရက်တွင် ဒုလ္လဘရဟန်း ရှစ်ပါး၊ ရှင်အပါး ၁၀၀ ရဟန်းခံ၊ ရှင်ပြုပွဲ ကျင်းပပြီး နံနက် ၉ နာရီတွင် သိမ်ဆင်းသံဃာ ၁၅ ပါးအား သိမ်ဆင်း လောင်းလှူကာ ရေစက်ချ အနုမောဒနာတရား နာကြားမည် ဖြစ်ကြောင်း သိရသည်။ (က–ပ)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ပြည်သူနှင့် ပူးပေါင်းဆောင်ရွက် အသင်းကြီးက ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့် မူဝါဒများကို အလေးထားလိုက်နာ

ရန်ကုန် မေ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် မေ ၆ရက် နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးမှာကြားကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြို့နယ် တွဲဖက်အတွင်းရေးမှူးက မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် နွေရာသီသင်တန်းများ ဖွင့်လှစ်ပြီးစီးမှု အခြေအနေများကိုတင်ပြရာ ဗဟိုအလုပ်အမှုဆောင်များက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ပြည်သူလူထုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ အသင်းဝင်များ အနေဖြင့် အသင်းကြီးမှချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများ၊ မူဝါဒများကို အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ မှန်ကန်ခိုင်မာပြီး စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ရှိသော လူငယ်လူရွယ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး မိမိတို့နယ်မြေဒေသအလိုက် နယ်မြေလူထုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကြသည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် သာကေတမြို့နယ်ရှိ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ သာကေတဆားကြိတ်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ စက်ရုံမှ တာဝန်ရှိသူများက ဓာတ်ဆားမှုန့် ထုတ်လုပ်ရန်လျာထားချက်ထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ထုတ်လုပ်သည့် ဓာတ်ဆားမှုန့်များကို အများပြည်သူအတွက် ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးနိုင်ခဲ့ကြောင်း၊ ၂၀၀၇-၂၀၀၈ခုနှစ် ဓာတ်ဆားမှုန့် ၁၀ဒသမ၀ သန်းကို New formular အသစ်ဖြင့် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ဝမ်းလျှောခြင်း၊ အထက်လှန်အောက်လျှောနှင့် ပျို့အန်ခြင်း ၃၀ရာခိုင်နှုန်း သက်သာလာမည်ဖြစ်၍ ပြည်သူလူထု ကျန်းမာရေး ပိုမိုကောင်းမွန်စေရန်အတွက် များမကြာမီ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ဓာတ်ဆားများထုတ်လုပ်နေမှုကို ကြည့်ရှုပြီး ဓာတ်ဆားမှုန့် ထုတ်လုပ်မှုကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ထုတ်လုပ်ရန်နှင့် ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးသွားရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် သန်လျင်မြို့နယ်ရှိ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၏ ခဲမဖြူသတ္တုစင်စက်ရုံသို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးက စက်ရုံရှိ ခဲမဖြူသတ္တုစင်ထုတ်လုပ်မှုကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက စက်သုံးဆီချွေတာရေးနှင့် အလေအလွင့်မရှိစေရန် ဆောင်ရွက်ရေး၊ ထုတ်လုပ်မှုလျာထားချက် ပြည့်မီအောင် တိုးတက်ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ဝန်ထမ်းများ သက်သာ ချောင်ချိရေးအတွက် သီးပင်စားပင်များ စိုက်ပျိုးကြရေးမှာကြားပြီး စက်ရုံအတွင်း ခဲမဖြူသတ္တုစင်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဓမ္မကျေးဇူးဆပ် တရားစခန်းဖွင့်

ရန်ကုန် မေ ၁၀

မိုးကုတ်ဝိပဿနာပြန့်ပွားရေး ပဲခူး(၁၀)မိုင်ကုန်း မုံလယ်တောရ ဓမ္မရိပ်သာ၏ ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကို ပူဇော်ကျေးဇူးဆပ်ခြင်းအဖြစ် မုံလယ်တောရ ဓမ္မရိပ်သာ၌ သီတင်းသုံးလျက်ရှိသော ဆရာတော်များဖြစ်ကြသည့် ဦးစက္ကိန္ဒ၊ ဦးဥတ္တမ၊ ဦးရေဝတတို့က ဒိဋ္ဌိဖြုတ်ခန္ဓာဉာဏ်ရောက် အလုပ်ပေးတရားတော်မြတ်ကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာ ကြာအင်းကြီးကျေးရွာရှိ ရတနာဥသျှောင်သိမ်တော်ကြီး၌ ၁၃၆၉ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ရက်မှ ကဆုန်လဆန်း ၄ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ခဲ့ပြီး သင်္ကြန်တရားစခန်းကို နှစ်စဉ်ဆက်လက် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့် ကလေးသူငယ်ဆိုင်ရာ ကင်ဆာရောဂါများ ရှာဖွေကုသခြင်း ကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသမီးမျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများနှင့် ကလေးသူငယ်ဆိုင်ရာ ကင်ဆာရောဂါများ ရှာဖွေကုသခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ဆေးပဒေသာပင် လှူဒါန်းခြင်း အခမ်းအနားကို မေ ၇ ရက် နံနက် ၉နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်ရှိ ဗဟိုအမျိုးသမီးဆေးရုံကြီး၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး လမ်းမတော်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်တင်မူထံမှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၀၀၀ကို လက်ခံရသည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ လမ်းမတော်မြို့နယ် ဗဟိုအမျိုးသမီးဆေးရုံကြီး၌ ရောဂါရှာဖွေစမ်းသပ်မှု ခံယူလျက်ရှိသည့် အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကင်ဆာရောဂါရှာဖွေကုသရေး ဆေးပဒေသာပင်အတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဇနီး ဒေါ်မာမာဝေ မိသားစုက လှူဒါန်းသည့် ငွေကျပ် တစ်သိန်းနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသည့် ငွေကျပ် တစ်သိန်းတို့ကို ဗဟိုအမျိုးသမီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးရွှေအိုးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စေတနာရှင်အလှူရှင်များဖြစ်ကြသော ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ မိသားစု (ထွန်းရွှေဝါဆေးတိုက်)က ငွေကျပ် နှစ်သိန်း၊ ဒဂုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ဦးရဲမြင့် (ရွှေသမင်ဆေးတိုက်)၊ ဦးသက်လွင် (ရွှေဂုံတိုင်ဟိုတယ်)၊ ဒေါက်တာမြတ်သူ (အာရှတော်ဝင် အထူးကုဆေးခန်း)၊ ဦးအားချစ် (LANCOME အလှပြုပြင်ရေး)၊ ဦးကျော်ညွှန့်-ဒေါ်မြမြဝင်း (ကျော်ညွှန့်နှင့်ညီများ သံထည်အိမ်ဆောက်ပစ္စည်း၊ ဘိလပ်မြေရောင်းဝယ်ရေး)၊ ဦးဇော်သိန်း (CCG ဆောက်လုပ်ရေး)၊ ဒေါ်စိန်စိန်မြင့်၊ ဦးခင်အောင်ဇော် (အကယ်ဒမီ စားသောက်ဆိုင်)၊ ဦးဝင်းလှိုင်နှင့်အဖွဲ့၊ ပန်းဘဲတန်းမြို့နယ်အတွင်းရှိ ပုဂ္ဂလိကဆေးခန်း လုပ်ငန်းရှင်များ၊ ဦးငြိမ်း-ဒေါ်အုံးကျင် (OK ပဲမျိုးစုံရောင်းဝယ်ရေး)၊ ဒေါ်သန်းနု (ရန်ကုန်အနောက်ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့(အဖွဲ့ဝင်))သမားတော်ကြီး ဦးလှဌေး-သီရိသုဓမ္မသီဂီ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးတိုက်) မိသားစုတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကျင်ခဲ-ဒေါ်စန်းကြည်(ရွှေလီ ရတနာရွှေဆိုင်) နှင့် ဒေါ်ကြင်(လပ်ကီးတိုင်စင် ရတနာရွှေဆိုင်)တို့က ငွေကျပ်ငါးသောင်းစီဖြင့် စုစုပေါင်း အလှူငွေကျပ် ၁၇သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးရွှေအိုးနှင့် ကလေးဆေးရုံကြီး (ရန်ကုန်) ဆေးရုံအုပ်ကြီး ဒေါက်တာ ချစ်ကိုတင်တို့က လက်ခံကြသည်။

ယင်းနောက် ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)မှ တွဲဖက်ပါမောက္ခ ဒေါက်တာလှမင်းက အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါများ၊ သားအိမ်ကင်ဆာနှင့် ရင်သားကင်ဆာရောဂါများနှင့်ပတ်သက်၍ လည်းကောင်း၊ ကလေးဆေးရုံကြီး(ရန်ကုန်)မှ ကလေးကင်ဆာ အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်မြမြအေးက ကလေးကင်ဆာရောဂါ အကြောင်းကို လည်းကောင်း ပညာပေးဟောပြောကြသည်။

ထို့နောက် ဆေးရုံများကိုယ်စား ဗဟိုအမျိုးသမီး ဆေးရုံအုပ်ကြီး ဒေါက်တာဦးရွှေအိုးက ဆေးပဒေသာပင် စိုက်ထူလှူဒါန်းကြခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်)အတွင်း ပြသထားသည့် အမျိုးသမီး မျိုးပွားအင်္ဂါဆိုင်ရာ ကင်ဆာရောဂါနှင့်ကလေးကင်ဆာရောဂါ ကုသခြင်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ ကင်ဆာရောဂါ ရှိ၊ မရှိ ရောဂါရှာဖွေစမ်းသပ်ကုသပေးနေမှု၊ ရောဂါရှာဖွေစမ်းသပ်မှုခံယူလျက်ရှိသည့် အမျိုးသမီးများနှင့် ကလေးငယ်များအား လိုက်လံကြည့်ရှုအားပေးကြပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ယုဝတီဆောင်၌ ရန်ကုန်တိုင်း စစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ကြီးမှူးဖွင့်လှစ်သည့် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေး မွမ်းမံသင်တန်းသို့ သွားရောက်၍ သင်ခန်းစာပို့ချနေမှုနှင့် သင်တန်း အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျန်းမာရေးဆိုင်ရာအင်တာနက်သတင်း

အက်စ်ပရင်ဆေးချိန် နည်းနည်းသောက်ခြင်းဖြင့် နှလုံးရောဂါအတွက် အကျိုးရှိ

နယူးယောက် မေ ၁၀

ဆရာဝန်အများစုသည် နှလုံးရောဂါဝေဒနာကို ကာကွယ်ရန်အတွက် အက်စ်ပရင်ဆေးဝါးများပေး၍ ကုသလျက်ရှိသည်။ သို့သော် တစ်နေ့လျှင် အက်စ်ပရင်ဆေးဝါး ၇၅ မှ ၈၁ မီလီဂရမ်ကျော်ထိ ကာလကြာရှည်စွာ သောက်သုံးစေခြင်းသည် ယင်းနှလုံးရောဂါအတွက် အကျိုးမများသည့်အပြင် အစာအိမ်သွေးယိုစိမ့်မှုပင် ဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိသည်။

နေ့စဉ် အက်စ်ပရင်ဆေးချိန် အနည်းငယ်စီ မှန်မှန်သောက်သုံးခြင်းဖြင့် နှလုံးသွေးကြောရောဂါကို သက်သာစေနိုင်သည်။ ဓာတ်ပုံ-အင်တာနက်

အမေရိကန် ဆေးပညာဂျာနယ်တွင် ဖော်ပြချက်အရ အမေရိကန်နိုင်ငံရှိ လူသန်း ၅၀မှာ နှလုံးရောဂါကာကွယ်ရန်အတွက် အက်စ်ပရင်ဆေးဝါးကို ကာလရှည်ကြာစွာ သောက်သုံးနေရကြောင်း သိရသည်။ သို့သော် ယင်းရောဂါအတွက် နေ့စဉ်ဆေးချိန် မည်ရွေ့ မည်မျှသောက်သုံးရမည်ကို သေချာမသိရှိရသေးဘဲ အငြင်းပွားနေခဲ့သည်။

လေ့လာမှုပြုခဲ့

ယင်းအက်စ်ပရင်ဆေးဝါး မည်မျှသောက်သုံးရမည်ကို လက်ဇင်တန်ရှိ ကင်တက်ကီ တက္ကသိုလ်မှ ဒေါက်တာ ချားစ်အယ်လ်ကမ်သယ်နှင့်အဖွဲ့က လေ့လာမှုပြုလုပ်ခဲ့သည်။ ထို့ပြင်၎င်းတို့သည် မတ်လိုင်၊ အင်တာနက်နှင့် အီးအမ်ဘေ့စ် အင်တာနက်ဝက်ဆိုဒ်များ၌လည်း ရှာဖွေလေ့လာကြောင်း သိရှိရသည်။

ဆရာဝန်များသည် လူနာများကို ဆေးချိန်ညွှန်းရာ၌ တစ်နေ့လျှင်အမြင့်ဆုံး မီလီဂရမ် ၁၃၀၀ ထိ သောက်သုံးစေသည်။ သို့သော် တစ်နေ့လျှင် အနိမ့်ဆုံး မီလီဂရမ် ၃၀ အထိသာ သောက်သုံးပါက ဇီဝကမ္မဗေဒဖြစ်စဉ်အရ ထိရောက်မှုရှိသည်။ အထူးသဖြင့် အမေရိကန်နိုင်ငံ၌ တစ်နေ့လျှင် ဆေးချိန် ၈၁မီလီဂရမ်မှ ၃၂၅မီလီဂရမ်အထိ သောက်သုံးကြောင်း တွေ့ရှိရသည်။

လေ့လာတွေ့ရှိချက်အရ နှလုံးရောဂါဖောက်သည့်အခါ၌ ယင်းအက်စ်ပရင်ဆေးဝါးပေးပြီး တစ်နေ့လျှင်ဆေးချိန် ၇၅ မှ ၈၁ မီလီဂရမ်အထက်သောက်သုံးစေသည်။ တို့သို့ ဆေးချိန် ပိုသောက်သုံးခြင်းသည် နှလုံးရောဂါကာကွယ်ရေးအတွက် ထိရောက်မှုမရှိသည့်အပြင် အစာအိမ်သွေးယိုစိမ့်မှုကိုပါ ဖြစ်ပွားစေနိုင်ကြောင်း သိရှိရသည်။

အင်တာနက်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ ပြင်သစ်အိုးပင်းပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန်မသေချာ

လန်ဒန် မေ ၉

ယခုနှစ် မတ်လအတွင်း အမေရိကန်နိုင်ငံ မီယာမီတွင် ကစားခဲ့စဉ်က တင်းနစ်မယ်ရှာရာပိုဗာသည် ဆီရီနာဝီလျံကို ၆-၁၊ ၆-၁ဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပွဲမကစားဖြစ်ဘဲ ရှိခဲ့သည်။

ကမ္ဘာ့နံပါတ်အဆင့်နှစ်ရှိသူ ရှာရာပိုဗာသည် အီတလီအိုးပင်း ကစားစဉ်ကလည်း သူမသည် ဒဏ်ရာကြောင့် ပွဲမှနုတ်ထွက်ခဲ့ရသည်။ ယခုတိုင်အောင် ပခုံးဒဏ်ရာ မသက်သာသေးဘဲရှိရာ မေလနှောင်းပိုင်း၌ ကျင်းပရန်ရှိသည့် ပြင်သစ်အိုးပင်းတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် မသေချာသေးဘဲရှိသည်။ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကို မေ၂၇ရက်တွင် ကျင်းပရန်စီစဉ်ထားသည်။

အင်တာနက်။

အသွင်ပြောင်း ဒီပလိုမေစီ၏ ဇာတ်ကောင်များကို. . .အထူးသတိပြု

မကြာမီရက်ပိုင်းက စာဖတ်သူမိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ရာ ဆုံနေကျလက်ဖက်ရည်ဆိုင်ထဲသို့ ကျွန်တော် ရောက်ရှိသွားချိန်တွင် မိတ်ဆွေအချို့က ဂျာနယ်တစ်စောင်ထဲမှ သတင်းတစ်ပုဒ်ကို ဝိုင်းအုံ ဖတ်ရှုနေကြသည်ကို တွေ့လိုက်ရပါသည်။

မိတ်ဆွေတစ်ဦးက "လာဗျို့...စာဖတ်သူကြီး၊ ဒီမှာ ရုရှားသမ္မတပူတင် ဧပြီလ ၂၆ ရက်နေ့က ပြောသွားတဲ့ မိန့်ခွန်းသတင်းကို စိတ်ဝင်စားလို့ ဖတ်နေကြတာ။ ခင်ဗျားလာတာနဲ့ အတော်ပဲ" ဟု ဆိုပါသည်။

ကျွန်တော်လည်း မိတ်ဆွေကမ်းပေးသည့် ဂျာနယ်ပါသတင်းကို ဖတ်ကြည့်လိုက်ပါသည်။ အဆိုပါသတင်းတွင်–

"သမ္မတပူတင်က ရုရှားပြည်သူများအား မိန့်ခွန်းပြောကြားရာ၌ နိုင်ငံခြားသားများအနေဖြင့် ရုရှားနိုင်ငံ အင်အားပြန်လည်တောင့်တင်းလာမှုကို ဖျက်ဆီးရန်နှင့် ရုရှားနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ရန် အားထုတ်ကြိုးပမ်းနေသည်ဟု စွပ်စွဲလိုက်ကြောင်း၊ ရုရှားပြည်တွင်းရေးကို တိုက်ရိုက် ဝင်ရောက်စွက်ဖက်ရန်အကြံဖြင့် ပြည်ပမှ ငွေကြေးစီးဝင်မှုများ အလွန်များပြားလာနေကြောင်း၊ ဒီမိုကရေစီ အရေခြုံထားသော အတုအယောင်ဝါဒများဖြင့် ရုရှားနိုင်ငံအား အတိတ်ကာလကကဲ့သို့ မတည်မငြိမ်ဖြစ်ရပ်များဆီသို့ ပြန်လည်တွန်းပို့လိုသူများ၊ ရုရှားနိုင်ငံ၏ ကြွယ်ဝသည့်သယံဇာတများကို လုယက်ယူငင်လိုသူများ၊ ရုရှားနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှုကို ကန့်သတ်ထိန်းချုပ်လိုသူများ ရှိနေသည်ဟု သတိပေးလိုက်ကြောင်း" ဖော်ပြထားသည်ကို တွေ့လိုက်ရပါသည်။

တစ်ဆက်တည်းမှာပင် **"သမ္မတပူတင်က မည်သည့်နိုင်ငံဟု ထုတ်ဖော်ပြောကြားခြင်း မပြုသော်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနကမူ အမေရိကန်သည် ရုရှားတွင် ဒီမိုကရေစီထွန်းကားရေးဟူ၍ ဇန်းပြပြီး အဖွဲ့အစည်းအချို့ကို ငွေကြေးထောက်ပံ့နေကြောင်း၊ အမေရိကန်၏ ရည်ရွယ်ချက်အစစ်အမှန်မှာ ရုရှား၏ အိမ်နီးချင်းနိုင်ငံနှစ်ခုမှာကဲ့သို့ပင် ရုရှား၌လည်း အမေရိကန်နှင့် အနောက်အုပ်စုကို လိုလားသူများ အာဏာရရှိရေးအတွက် ဆန္ဒပြ ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာအောင် လုပ်ကြံဖန်တီးရေးပင်ဖြစ်ကြောင်း မကြာမီက စွပ်စွဲပြောကြားခဲ့သည်"**ဟု ဖော်ပြထားသည်ကိုလည်း ဖတ်ရှုလိုက်ရပါသည်။

အဆိုပါသတင်းကို ဖတ်ရှုအပြီးတွင် မိတ်ဆွေတစ်ဦးက ဤသို့ စကားစလိုက်ပါသည်။

"ကဲ...ဘယ်လိုလဲ၊ ရုရှားတောင် ကျွန်တော်တို့ မြန်မာနိုင်ငံလိုပဲ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ လုပ်ကြံမှုကို ခံနေရပါကလား"

"ဟုတ်တယ်ဗျို့။ ကျွန်တော်တို့ဆီမှာလဲ သူတို့ကြိုးဆွဲရာကမယ့် ပြည်ပအားကိုးပုဆိန်ရိုးတွေ ဖြတ်လမ်းက အာဏာရရှိရေးအတွက် ဆန္ဒပြလှုံ့ဆော်မှုတွေ၊ ဆူပူအုံကြွမှုတွေဖြစ်အောင် လုပ်ကြံဖန်တီးနေကြတာ တွေ့နေရတာပဲ"

"ကမ္ဘာ့သတင်း၊ မြန်မာ့သတင်းတွေကို မျက်ခြည်မပြတ် လေ့လာဖတ်ရှု အကဲခတ်နေသူတွေအတွက်တော့ ဒီသတင်းဟာ ဘာမှမထူးဘူးဗျို့၊ စစ်အေးကာလ တိုက်ပွဲကစပြီး ဆိုဗီယက်ယူနီယံကြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲအောင် လုပ်ဆောင်ခဲ့တဲ့ လက်သည်ဟာ အမေရိကန်ဆိုတာ လူတိုင်းသိနေတာပဲ"

"တချို့က အမေရိကန်ရဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဇန်းပြကြွေးကြော်ပြီး နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက် ထိုးနှက်ချက်ကြောင့်လို့ ဆိုသဗျ။ တချို့ကလဲ စစ်အေးကာလ လက်နက်အင်အား ပြိုင်ဆိုင်မှုလုပ်ရင်း စီးပွားရေးအရမယှဉ်သာတဲ့ ဆိုဗီယက်ယူနီယံ ပြိုကွဲပျက်စီးခဲ့ရတာလို့ ဆိုကြတယ်ဗျ"

"တကယ်တော့ နိုင်ငံတစ်နိုင်ငံ ပြိုကွဲအောင် ဖြိုခွဲဖျက်ဆီးဖို့ဆိုတာ ဘယ်လွယ်မှာလဲဗျာ။ ဒါပေမယ့် အဲဒီနိုင်ငံအတွင်းမှာ အမေကျော် ဒွေးဘော်လွမ်းတဲ့သူတွေ၊ ပြည်ပအားကိုး ပုဆိန်ရိုးတွေ ရှိနေရင်တော့ ပြည်ပက ဝင်ရောက်သပ်လျှိုဖြိုခွဲဖို့ ဘယ်မှာခဲယဉ်းတော့မှာလဲ"

"မှန်တာပေါ့ဗျာ။ အဲဒီကာလတုန်းက အမေရိကန်သမ္မတလုပ်ခဲ့တဲ့ ရော်နယ်ရေဂင်က ဆိုဗီယက်ယူနီယံ ပြိုကွဲပျက်စီးသွားတာဟာ အမေရိကန်ရဲ့ စစ်အေးကာလ မဟာဗျူဟာကြောင့်လို့ လက်မထောင်ပြီး ပြောခဲ့တာ မှတ်မိနေသေးတယ်"

"ဟုတ်လား၊ အမေရိကန်ရဲ့ စစ်အေးကာလ မဟာဗျူဟာက ဘာများလဲဗျ"

"ဘာမှ ထူးထူးခြားခြားကြီးတော့ မဟုတ်ဘူးဗျို့။ ငြိမ်းချမ်းရေး နိုဘယ်ဆုဆိုတာကိုပေးပြီး အညှာကို ကိုင်လိုက်တာပဲ။ အဲဒီကာလတုန်းက ဆိုဗီယက်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်ခဲ့သူ ဂေါ်ဘာချော့ဗ်ကို ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးခဲ့တာ ခင်ဗျားတို့ မှတ်မိကြဦးမှာပေါ့"

"မှတ်မိတာပေါ့ဗျာ။ ဆိုဗီယက်ပြည်ထောင်စုအတွင်းက ဘောလ်တစ် နိုင်ငံသုံးနိုင်ငံက အမေရိကန်ရဲ့ပယောဂနဲ့ ခွဲထွက်ဖို့ ကြိုးပမ်းခဲ့ကြတယ်။ ဆိုဗီယက်ပြည်သူအများစုက ပြည်ထောင်စု အပြိုကွဲမခံနိုင်ဘူးလို့ ဆန္ဒပြခဲ့ကြတယ်။ ဒါကြောင့်မို့ အဲဒီခွဲထွက်မှုကို ဂေါ်ဘာချော့ဗ်က တားဆီးနှိမ်နင်းခဲ့တယ်။ အမေရိကန်က သုံးနိုင်ငံခွဲထွက်မှုကို ခွင့်ပြုဖို့ ဂေါ်ဘာချော့ဗ်ကို ဖိအားပေးခဲ့တယ်။ အစပထမမှာ ဂေါ်ဘာချော့ဗ်လဲ တင်းခံနိုင်ခဲ့သေးတယ်။ ဒါပေမယ့် ၁၉၉၀ ပြည့်နှစ်မှာ ဂေါ်ဘာချော့ဗ်ကို ငြိမ်းချမ်းရေး နိုဘယ်ဆု ချီးမြှောက်လိုက်တယ်။ အဲဒီနောက်မှာတော့ ဂေါ်ဘာချော့ဗ်လဲ

"တကယ်တော့ နိုင်ငံတစ်နိုင်ငံ ပြိုကွဲအောင် ဖြိုခွဲဖျက်ဆီးဖို့ဆိုတာ ဘယ်လွယ်မှာလဲဗျာ။ ဒါပေမယ့် အဲဒီနိုင်ငံအတွင်းမှာ အမေကျော် ဒွေးဘော်လွမ်းတဲ့သူတွေ၊ ပြည်ပအားကိုး ပုဆိန်ရိုးတွေ ရှိနေရင်တော့ ပြည်ပက ဝင်ရောက်သပ်လျှိုဖြိုခွဲဖို့ ဘယ်မှာခဲယဉ်းတော့မှာလဲ"

စာဖတ်သူတစ်ဦး

တင်းမခံနိုင်တော့ဘဲ သုံးနိုင်ငံ ခွဲထွက်မှုကို အသိအမှတ်ပြုလိုက်ရတယ်။ အဲဒါကြောင့် ၁၉၉၁ ခုနှစ်အကုန်မှာ ဆိုဗီယက်ပြည်ထောင်စုကြီး ၁၅ စိတ်အထိကွဲပြီး ပြိုလဲသွားခဲ့ရတယ်လေ"

"ဟာ...ကျွန်တော်တို့နိုင်ငံကို ဖြိုခွဲဖို့အတွက်လဲ အဲဒီနည်းလမ်းအတိုင်း လုပ်ကြံခဲ့တာပါကလား။ သူတို့ကြိုးဆွဲရာအတိုင်း လိုက်ပါကပြ အသုံးတော်ခံမယ့် အမျိုးသမီးကို ၁၉၉၁ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးခဲ့သေးတယ်နော်"

"အဲဒီငြိမ်းချမ်းရေးနိုဘယ်ဆု ပေးခဲ့တဲ့ကာလကို မှတ်မိနေသေးတယ်။ အဲဒီတုန်းက ၁၉၈၈ခုနှစ် အာဏာနည်းနေ့ကို အကြောင်းပြုပြီး တပ်မတော်အစိုးရကို ထိပ်တိုက်ရင်ဆိုင်ဖို့ မျက်ကန်းတစ္ဆေမကြောက် အမြော်အမြင်ခေါင်းပါးစွာနဲ့ ကြိုးပမ်းခဲ့တယ်။ ဗကပယူဂျီတွေက အဲဒီထိပ်တိုက်ရင်ဆိုင်ပွဲကို အသုံးချပြီး သွေးချောင်းစီးစေမယ့် အရေးအခင်းကြီး ထပ်မံပေါ်ပေါက်ပြီး ဖြတ်လမ်းက အာဏာရအောင်လုပ်ဖို့ အကွက်ချ စီမံထားခဲ့တာဖြစ်တယ်။ ဒါတွေကို ကြိုတင်သိရှိနေတဲ့ တပ်မတော်အစိုးရက ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နိုင်ခဲ့လို့သာ တစ်ကျော့ပြန်အန္တရာယ်ဘေးက ပြည်သူတွေ ကင်းဝေးခဲ့ရတာဖြစ်တယ်"

"ဒါကြောင့်မို့ တိုင်းပြည်နဲ့လူထုအပေါ် ဘေးအန္တရာယ်ကျရောက်အောင် ထပ်မံမပြုလုပ်နိုင်ဖို့ အဲဒီအမျိုးသမီးကို နေအိမ်မှာ ကန့်သတ်ထားမြစ်ခဲ့ရတာမဟုတ်လား"

"ဟုတ်တယ်လေ၊ **နိုင်ငံနဲ့လူမျိုး ငြိမ်းချမ်းသာယာဝပြောရေးအတွက်မဟုတ်ဘဲ သူနဲ့ သူ့ပါတီ ဖြတ်လမ်းမှ အာဏာရရှိရေးအတွက် ပြည်သူလူထုကို စတေးတဲ့လုပ်ရပ် ကျူးလွန်ဖို့ အဲဒီလိုကြံစည် ကြိုးပမ်းခဲ့တဲ့သူကို ဘယ်လိုမှမအပ်စပ်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးတယ်ဆိုတာကတော့ သိပ်ကို တရားလွန်နေပြီဗျာ"**

"ခင်ဗျားကသာ သိပ်ကိုတရားလွန်နေပြီလို့ ပြောနေတာ၊ ပြည်ပဆရာကြီးတွေက နိုဘယ်ဆုနဲ့တင် တိုင်းဆူပြည်ဖျက်လုပ်စေဖို့ မအောင်မြင်သေးတာမို့ နောက်ထပ် ချီးမြှင့်မြှောက်စားခဲ့တဲ့ ဆုတွေက နည်းနည်းနောနောမှ မဟုတ်ဘဲ၊ အခုဆိုဆုပေါင်း ၈၀ ကျော် ၉၀ နီးပါး ရှိသွားပြီလေ။ နောက်ထပ်တီထွင်ကြံဆပြီး မလူးသာမလွန့်သာဖြစ်အောင် တုပ်နှောင်ဦးမယ့် ဆုတွေ ရှိနေသေးသဗျ"

"ဟုတ်လား၊ ဒါဆို ကမ္ဘာ့ဂင်းနစ်စံချိန်ကိုတောင် ချိုးသွားပြီလို့ ဆိုရမယ်။ ကမ္ဘာပေါ်မှာ လူသားအားလုံးရဲ့ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သာယာဝပြောရေးတွေအတွက် ကြိုးပမ်းအားထုတ်ခဲ့တဲ့ ပုဂ္ဂိုလ်တွေ အမြောက်အမြား သက်ရှိထင်ရှား ရှိနေကြပါတယ်ဗျာ။ အဲဒီပုဂ္ဂိုလ်ကြီးတွေတောင် ဒီအမျိုးသမီးလောက် ဆုတွေ မရတာ ဘာကြောင့်လဲဗျ"

"မြန်မာနိုင်ငံမှာလဲ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဘဝတစ်သက်တာလုံး ပြောဆိုလုံးပန်းခဲ့တဲ့ပုဂ္ဂိုလ်ကြီးတွေ ရှိခဲ့ပါတယ်ဗျာ"

"ဟုတ်တယ်ဗျ။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဆိုရင် ပြည်တွင်းငြိမ်းချမ်းရေးအတွက် ကြိုးပမ်းခဲ့တာ လူသိထင်ရှားပါပဲ။ ဒါပေမယ့် ငြိမ်းချမ်းရေးနိုဘယ်ဆု မရခဲ့ရှာပါဘူး။ ဆိုဗီယက်ယူနီယံက အသိအမှတ်ပြုပြီး ပေးခဲ့တဲ့ စတာလင်ငြိမ်းချမ်းရေးဆုကိုသာ ရသွားခဲ့ရှာတယ်"

"မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနိုဘယ်ဆုအတွက် တကယ်တမ်းသာပေးမယ်ဆိုရင် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး ကာလတွေကတည်းက ပါဝင်လှုပ်ရှားခဲ့ပြီး ပြည်တွင်းပဋိပက္ခကြောင့် စစ်မီးတောက်လောင်ချိန်ကနေ ယနေ့ထက်တိုင် ငြိမ်းချမ်းရေးစကားကိုမသွေမဖည်ဘဲ အမြဲတမ်း ပြောကြားရေးသား

နေတဲ့ စာရေးဆရာ၊ ကဗျာဆရာ ဆ
ပုဂ္ဂိုလ်မျိုးကို ပေးလို့မရဘူးလားဗျာ"

"ဒါတင်ဘယ်ကမလဲ၊ ဒီအမျိုးသမီး
ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးကိစ္စတွေမှာ ပို
ခဲ့တဲ့ပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံမှာ အများကြီ
ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလူတွေ ဘာဆု
သာ ငြိမ်းချမ်းရေးနိုဘယ်ဆုနဲ့ အခြားဆုအ
မဟုတ်လား"

"အဖြေကတော့ရှင်းနေပါတယ်။ အဲဒီပု
ရင်ဆိုင်ရေးတို့၊ အလုံးစုံ ပျက်သုဉ်းရေးတို့ဆ
ပြည်ပဆရာကြီးတွေအကြိုက်၊ ကိုလိုနီနယ်
လိုက်မလုပ်ခဲ့လို့ပဲ"

"ဟုတ်တယ်ဗျို့။ ၁၉၉၁ ခုနှစ်မှာ အ
ငြိမ်းချမ်းရေးနိုဘယ်ဆု ရခဲ့တယ်လေ။ ၁၉
ပျော့ပျောင်းလာမလားဆိုပြီး သူ့ကို တ
ရာကနေ ရုပ်သိမ်းပေးခဲ့တယ်။ အဲဒီလို
၂၄ နာရီအတွင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အ
စကားမျိုးပြောခဲ့သလဲ သိလား"

"အမှတ်တမဲ့မို့ မသိလိုက်ဘူးဗျာ။
နိုဘယ်ဆုရှင်ဆိုတော့ သူပြောရမယ့်စကားက
ချစ်ကြည်ရင်းနှီးရေးစကားပဲ မဟုတ်လား

"ဘယ်ဟုတ်လိမ့်မလဲ၊ ငြိမ်းချမ်းရေး
တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်း
ပြည်ပဆရာကြီးအားကိုးနဲ့ ရာဇသံပေးခဲ့သ

"ဟာ...ပေးတဲ့ဆုနဲ့ ပြောတဲ့စကား
အမောက် မတည့်ပါကလား"

"ဘယ်မှာ အမြီးအမောက်တည့်ပါ့မ
ဆရာကြီးတွေကိုယ်တိုင်က သူတို့ ကြိုး
အမျိုးသမီးနဲ့ နောက်လိုက်တွေ ဖြတ်လမ်းက
ဆန္ဒပြ ဆူပူအုံကြွမှုနည်းလမ်းတွေ၊ အကြမ်း
ရေး နည်းလမ်းတွေသုံးဖို့ အမြဲတမ်း အခါ
ပေးနေမှတော့ မင်းသားခေါင်းစွပ်ပြီး အ
ဖြစ်နေပြီပေါ့"

"ဒါနဲ့နေပါဦးဗျာ၊ ရုရှားသမ္မတပူ
မိန့်ခွန်းထဲမှာ သူတို့နိုင်ငံရဲ့ ပြည်တွင်းရေးက
ဖို့အတွက် ပြည်ပကနေ ငွေကြေးစီးဝင်မှု
လာနေတယ်လို့ ပါတယ်မဟုတ်လား။ ဟိုတ
စကားဝိုင်းမှာ ပြည်တွင်းပြည်ပ အဖျက်
ဆရာကြီးက ခေါင်းစဉ်မျိုးစုံ၊ နည်းလ
ထောက်ပံ့မှုတွေ ရက်ရက်ရောရော ပေး
ခဲ့ကြတယ်လေ။ ဒီနေရာမှာ ပြည်ပဆရာကြီး
တူနေတာကို တွေ့ရတယ်"

"ဒါကလဲ ထူးဆန်းတဲ့ကိစ္စ မဟုတ
ဆရာကြီးအနေနဲ့ စစ်ရေးအရ ကျူးကျော်စေ
ငွေပုံအောပြီး ကျူးကျော်စော်ကားမယ်။ စ
စော်ကားဖို့ အခွင့်မသာရင်လဲ ငွေပုံအော
ဝင်ရောက်စွက်ဖက်ခြယ်လှယ်မယ်။ အဲဒီငွေ
အခြားစည်းရုံးသိမ်းသွင်းရေး၊ ပြည်ပြေးမွေး
အသုံးချမယ်။ အဲဒီ လုပ်ရပ်တွေကို ထမင်း
လုပ်နေတာလေဗျာ"

"ဟုတ်တယ်ဗျ။ **ဟိုတလောက အ**
တာဝန်ရှိသူတစ်ဦးက သူတို့ရဲ့ ရည်ရွယ်
အတွက် မြန်မာနိုင်ငံမှာ စာနယ်ဇင်းသ
ထောက်ပံ့မှုတွေ၊ နိုင်ငံခြားပညာသင်ဆုတေ
စခန်း ထောက်ပံ့မှုတွေ၊ ဘာသာရေးကိစ္စ
ပုံအောပေးနေတယ်လို့ အတိအလင်း ပြော
ရတယ်"

"ဟိုအရင်တုန်းကတော့ အဲဒီလုပ်ငန်
ဒိုင်ခံပြီး လုပ်ခဲ့တယ်။ အခုနောက်ပိုင်းမှာ
နိုင်ငံတကာပြည်သူတွေက အော့ကြောလန်
ဒီပလိုမေစီ (transfomational diploma
အစားထိုးပြီး သုံးလာတာ တွေ့နိုင်ပါတ

နေတဲ့ စာရေးဆရာ၊ ကဗျာဆရာ ဆရာဒဂုန်တာရာတို့လို ပုဂ္ဂိုလ်မျိုးကို ပေးလို့မရဘူးလားဗျာ"

"ဒါတင်ဘယ်ကမလဲ၊ ဒီအမျိုးသမီးထက် တိုင်းပြည်ရဲ့ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးကိစ္စတွေမှာ ပိုမိုသာလွန်ဆောင်ရွက်ခဲ့တဲ့ပုဂ္ဂိုလ်တွေ မြန်မာနိုင်ငံမှာ အများကြီးရှိခဲ့သလို ရှိနေဆဲလဲ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီလူတွေ ဘာဆုမှမရဘဲ ဒီအမျိုးသမီးသာ ငြိမ်းချမ်းရေးနိုဘယ်ဆုနဲ့ အခြားဆုအမျိုးမျိုးတွေ ရနေတာ မဟုတ်လား"

"အဖြေကတော့ရှင်းနေပါတယ်။ အဲဒီပုဂ္ဂိုလ်တွေက ထိပ်တိုက်ရင်ဆိုင်ရေးတို့၊ အလုံးစုံ ပျက်သုဉ်းရေးတို့ဆိုတဲ့ နည်းလမ်းတွေကို ပြည်ပဆရာကြီးတွေအကြိုက်၊ ကိုလိုနီနယ်ချဲ့လက်သစ်အကြိုက် လိုက်မလုပ်ခဲ့လို့ပဲ"

"ဟုတ်တယ်ဗျို့။ ၁၉၉၁ ခုနှစ်မှာ အဲဒီအမျိုးသမီး ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆု ရခဲ့တယ်လေ။ ၁၉၉၅ ခုနှစ်မှာ ညင်သာပျော့ပျောင်းလာမလားဆိုပြီး သူ့ကို တားမြစ်ကန့်သတ်ထားရာကနေ ရုပ်သိမ်းပေးခဲ့တယ်။ အဲဒီလို ရုပ်သိမ်းပြီးပြီးချင်း ၂၄ နာရီအတွင်း ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်အမျိုးသမီးက ဘယ်လိုစကားမျိုးပြောခဲ့သလဲ သိလား"

"အမှတ်တမဲ့မို့ မသိလိုက်ဘူးဗျာ။ သူက ငြိမ်းချမ်းရေးနိုဘယ်ဆုရှင်ဆိုတော့ သူပြောရမယ့်စကားက ငြိမ်းချမ်းရေးစကား၊ ချစ်ကြည်ရင်းနှီးရေးစကားပဲ မဟုတ်လား"

"ဘယ်ဟုတ်လိမ့်မလဲ၊ ငြိမ်းချမ်းရေးဆိုတာ ဝေလာဝေး၊ တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ပြည်ပဆရာကြီးအားကိုးနဲ့ ရာဇသံပေးခဲ့သဗျ"

"ဟာ...ပေးတဲ့ဆုနဲ့ ပြောတဲ့စကား တော်တော် အမြီးအမောက် မတည့်ပါကလား"

"ဘယ်မှာ အမြီးအမောက်တည့်ပါ့မလဲ၊ ဆုပေးတဲ့ ပြည်ပဆရာကြီးတွေကိုယ်တိုင်က သူတို့ ကြိုးဆွဲရာကမယ့် အဲဒီအမျိုးသမီးနဲ့ နောက်လိုက်တွေ ဖြတ်လမ်းက အာဏာရရှိဖို့အတွက် ဆန္ဒပြ ဆူပူအုံကြွမှုနည်းလမ်းတွေ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး နည်းလမ်းတွေသုံးဖို့ အမြဲတမ်း အခါတော်ပေး သင်တန်းတွေပေးနေမှတော့ မင်းသားခေါင်းစွပ်ပြီး အတတ်ကြူးတဲ့ဘီလူးလို ဖြစ်နေပြီပေါ့"

"ဒါနဲ့နေပါဦးဗျာ၊ ရုရှားသမ္မတပူတင် ပြောသွားတဲ့ မိန့်ခွန်းထဲမှာ သူတို့နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ဖို့အတွက် ပြည်ပကနေ ငွေကြေးစီးဝင်မှုတွေ အလွန်များပြားလာနေတယ်လို့ ပါတယ်မဟုတ်လား။ ဟိုတလောက ကျွန်တော်တို့ စကားဝိုင်းမှာ ပြည်တွင်းပြည်ပ အဖျက်သမားတွေကို ပြည်ပဆရာကြီးက ခေါင်းစဉ်မျိုးစုံ၊ နည်းလမ်းမျိုးစုံနဲ့ ငွေကြေးထောက်ပံ့မှုတွေ ရက်ရက်ရောရော ပေးနေတယ်လို့ ဆွေးနွေးခဲ့ကြတယ်လေ။ ဒီနေရာမှာ ပြည်ပဆရာကြီးရဲ့ လုပ်နည်းလုပ်ဟန်တူနေတာကို တွေ့ရတယ်"

"ဒါကလဲ ထူးဆန်းတဲ့ကိစ္စ မဟုတ်တော့ဘူး။ ပြည်ပဆရာကြီးအနေနဲ့ စစ်ရေးအရ ကျူးကျော်စော်ကားဖို့ အခွင့်သာရင် ငွေပုံအောပြီး ကျူးကျော်စော်ကားမယ်။ စစ်ရေးအရ ကျူးကျော်စော်ကားဖို့ အခွင့်မသာရင်လဲ ငွေပုံအောပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်မယ်။ အဲဒီငွေတွေကို သံတမန်ရေးနဲ့ အခြားစည်းရုံးသိမ်းသွင်းရေး၊ ပြည်ပြေးမွေးမြူရေး စီမံကိန်းတွေမှာ အသုံးချမယ်။ အဲဒီ လုပ်ရပ်တွေကို ထမင်းစားရေသောက်သလို လုပ်နေတာလေဗျာ"

"ဟုတ်တယ်ဗျ။ ဟိုတလောက အဲဒီပြည်ပဆရာကြီးရဲ့ တာဝန်ရှိသူတစ်ဦးက သူတို့ရဲ့ ရည်ရွယ်ချက် အောင်မြင်ရေးအတွက် မြန်မာနိုင်ငံမှာ စာနယ်ဇင်းသင်တန်း ဖွင့်လှစ်ထောက်ပံ့မှုတွေ၊ နိုင်ငံခြားပညာသင်ဆုတွေ၊ ဒုက္ခသည်အမည်ခံစခန်း ထောက်ပံ့မှုတွေ၊ ဘာသာရေးကိစ္စ ထောက်ပံ့မှုတွေမှာ ပုံအောပေးနေတယ်လို့ အတိအလင်း ပြောသွားတာ ကြားလိုက်ရတယ်"

"ဟိုအရင်တုန်းကတော့ အဲဒီလုပ်ငန်းတွေကို CIA က ဒိုင်ခံပြီး လုပ်ခဲ့တယ်။ အခုနောက်ပိုင်းမှာ CIA ရဲ့ လုပ်ရပ်ကို နိုင်ငံတကာပြည်သူတွေက အော့ကြောလန်နေပြီမို့ အသွင်ပြောင်းဒီပလိုမေစီ (transfomational diplomacy) ဆိုတဲ့ ဝေါဟာရနဲ့ အစားထိုးပြီး သုံးလာတာ တွေ့နိုင်ပါတယ်"

"ဒီပလိုမေစီဆိုတာ သံတမန်ဆက်ဆံရေးမှာ စိုသောလက် မခြောက်အောင် ကျင့်သုံးရတဲ့ နည်းလမ်းမဟုတ်လား။ အခု သူတို့ဟာက ရဲတင်းတဲ့ ဒီပလိုမေစီဆိုတော့ သံတမန်ဆက်ဆံရေးမှာ နိုင်လိုမင်းထက်လုပ်ရပ်တွေ လုပ်လာတော့မယ့် သဘောပဲ"

"အဲဒီဝေါဟာရကို ကြားဖူးသလိုလိုတော့ရှိသား။ အကျယ်ကို ရှင်းပြပေးစမ်းပါဦး"

"ဒီလိုဗျ။ အမေရိကန်သမ္မတဘုရှ်ရဲ့ ပထမသက်တမ်းကာလမှာ စစ်ရေးစစ်ရာတွေကို ဦးစားပေးခဲ့တယ်။ ဒုတိယသက်တမ်းကာလမှာ သံတမန်ရေးရာအခင်းအကျင်းကို ဦးစားပေးပြီး ပုံပြင်ပြောင်းလဲလာခဲ့တယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က 'ကမ္ဘာ့နိုင်ငံရေးမှာ ဖြစ်ပေါ်ပြောင်းလဲနေမှုတွေကို အမေရိကန်လိုလားတဲ့ အခြေအနေအထိရောက်အောင် ပြောင်းလဲပစ်နိုင်စွမ်းတဲ့ ရဲတင်းတဲ့ ဒီပလိုမေစီ ကျင့်သုံးသွားမှာဖြစ်တယ်'လို့ အတိအလင်း ပြောကြားထားတယ်လေဗျာ"

"ဒီပလိုမေစီဆိုတာ သံတမန်ဆက်ဆံရေးမှာ စိုသောလက် မခြောက်အောင် ကျင့်သုံးရတဲ့ နည်းလမ်းမဟုတ်လား။ အခု သူတို့ဟာက ရဲတင်းတဲ့ ဒီပလိုမေစီဆိုတော့ သံတမန်ဆက်ဆံရေးမှာ နိုင်လိုမင်းထက်လုပ်ရပ်တွေ လုပ်လာတော့မယ့် သဘောပဲဗျ"

"သေချာတာပေါ့ဗျာ။ တတိယကမ္ဘာ့နိုင်ငံများလို့ဆိုတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားမှာ သူတို့ရဲ့ သံတမန်အခင်းအကျင်းကို တိုးချဲ့ပြီး ဒေသခံပြည်သူတွေထဲက ပြည်ပအားကိုး ပုဆိန်ရိုးတွေကို ပိုမိုထိတွေ့ ဆက်ဆံလေ့ကျင့်မွေးမြူဖို့၊ အဲဒီနိုင်ငံရဲ့ ပြည်တွင်းနိုင်ငံရေး ဖြစ်ပေါ်မှုလမ်းကြောင်းကို အမေရိကန်လိုလားတဲ့ လမ်းကြောင်းအတိုင်း ပုံသွင်းပုံဖော်ပြီး လွှမ်းမိုးချုပ်ကိုင်ဖို့ လုပ်လာတာပဲဗျ"

"ဟာ...ဒါကြောင့်မို့ထင်တယ်၊ ကျွန်တော်တို့နိုင်ငံမှာ ဟိုစင်တာ ဒီစင်တာတွေ တိုးချဲ့ဖွင့်လှစ်လာတယ်။ ဓာတ်ပုံပြပွဲတွေ၊ စာအုပ်ပြပွဲတွေ၊ ရုပ်ရှင်ပြပွဲတွေ ပိုလုပ်လာတယ်။ နာမည်အမျိုးမျိုးနဲ့ သင်တန်းမျိုးစုံ ဖွင့်လှစ်ပို့ချနေတယ်။ အဲဒီသင်တန်း တက်ရောက်သူတွေကို ပညာသင်ဆုတွေ၊ ပြည်ဝင်ခွင့် ဗီဇာစတာတွေနဲ့ မက်လုံးပေးပြီး တပည့်မွေး၊ ဆရာမွေး လုပ်နေကြတယ်။ ဆန့်ကျင်ဘက် နိုင်ငံရေးလှုပ်ရှားသူတွေနဲ့ ဥဒဟိုဝင်ထွက်သွားလာ ဆက်သွယ်ဆက်ဆံနေကြတယ်လေ"

"ဒါတင်ဘယ်ကမလဲ၊ ရန်ကုန်မြို့မှာနဲ့တင် အားမရ မတင်းတိမ်တော့ဘူး။ မန္တလေးမှာတောင် သင်တန်းတွေ သွားဖွင့်ဖို့ လှုပ်ရှားခဲ့ကြတယ်။ နယ်စပ်ဒေသတွေကိုလဲ ခြေချင်းလိမ်အောင် သွားလာပြီး ခြေရှုပ်နေတာ တွေ့ရတယ်"

"ဒါဟာ သူတို့သံတမန်တွေက ဒေသခံပြည်သူတွေနဲ့ ထိတွေ့ဆက်ဆံခွင့်ကို တိုးချဲ့ရယူပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကိစ္စတွေမှာ ဩဇာလွှမ်းမိုးနိုင်အောင် လုပ်နေတာပဲဖြစ်တယ်။ ဒါ့အပြင် အစိုးရမဟုတ်တဲ့ INGO အဖွဲ့တွေနဲ့ CIA ရဲ့ အတွေ့အကြုံနဲ့ အင်အားကို ပေါင်းစပ်ရယူပြီး သူတို့အစိုးရရဲ့ ရည်ရွယ်ချက်ကို ပြောင်ပြောင်တင်းတင်း ကိုယ်စားပြု လုပ်ဆောင်နေတာပဲဗျ"

"ဒါကြောင့်မို့ အဲဒီသင်တန်းအမျိုးမျိုးက လေ့ကျင့်ပို့ချပေးလိုက်တဲ့ နည်းလမ်းတွေနဲ့ ဆန္ဒပြ လှုံ့ဆော်မှုတွေ၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ၊ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ ခုနောက်ပိုင်းမှာ မကြာခဏ ပေါ်ပေါက်လာတာကို တွေ့နေရတာဖြစ်မယ်"

"သေချာတာပေါ့ဗျာ။ အဲဒီလို သံတမန်ဆိုသူတွေက နည်းပေးလမ်းပြ ခိုင်းတဲ့အတိုင်း လိုက်လုပ်တဲ့သူတွေကို တည်ဆဲဥပဒေအရ အရေးယူအပြစ်ပေးပြီဆိုရင်လဲ အရှုံးဘုံမြှောက်အားပေးမှု၊ ငွေကြေးချီးမြှင့်မြှောက်စားမှုတွေနဲ့ ဘွဲ့တံဆိပ်တွေ၊ ဆုလာဘ်တွေ ချီးမြှင့်နေတာလဲ မကြားချင် မမြင်ချင်အဆုံးပါပဲဗျာ"

"ဟိုအမျိုးသမီးကို နိုဘယ်ဆုအပါအဝင် ဆုပေါင်း ၉၀ နီးပါးနဲ့ ကြိုးဆွဲရာကအောင် ချည်နှောင်ထားသလို ၈၈ မျိုးဆက်ကျောင်းသား အုပ်စုဝင်တစ်ဦးကိုလဲ ဆုပေါင်း ခြောက်ဆုအထိပေးပြီး ကကြိုးရုပ် ကြိုးရုပ်အောင် လုပ်ထားသဗျ"

"အဲဒီ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင် နောက်တစ်ဦးကိုလဲ ဒီနှစ်ထဲမှာပဲ ဆုတစ်ဆုနဲ့ စတင်ချည်နှောင်ပြီး မက်လုံးပေးထားတယ်လေ"

"၂၀၀၁ ခုနှစ်က မြို့တော်ခန်းမရှေ့မှာ ဆန္ဒပြလှုံ့ဆော်မှုကြောင့် ထောင်ခုနစ်နှစ် ပြစ်ဒဏ်ကျရာကနေ ၁၈ လသာကျခံရပြီး ပြန်လွှတ်သွားခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးကိုလဲ အမေရိကန်ကိုရောက်ပြီးမှ မြန်မာနိုင်ငံကိုပြန်ပြီး ဆန္ဒပြလှုံ့ဆော်မယ်လို့ တကဲကဲ ဟန်ရေးပြခဲ့တဲ့အတွက် သူကောင်းပြုပြီး ဆုတစ်ဆု ချီးမြှောက်ခဲ့တာ တွေ့ရတယ်"

"မြန်မာ့ရိုးရာအစဉ်အလာအရ ရုပ်ရှာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်အားပေးလှူမှုကို တစ်ရွာနဲ့ တစ်ယောက်ဆန့်ကျင်ပြီး ILO ဆီ တိုင်ကြားခဲ့တဲ့ ထန်းမနိုင်ရွာက မိန်းကလေးကိုလဲ ဆုတစ်ဆုနဲ့ မြှောက်ပင့်အားပေးခဲ့တယ်လေဗျာ"

"အခုဆိုရင် အဲဒီမိန်းကလေးက NLD ပါတီကို ကိုယ်စားပြုပြီး နိုဘယ်ဆုရှင်အမျိုးသမီး လွတ်မြောက်ရေးအတွက် လှုပ်ရှားမှုတွေ ဦးစီးဦးဆောင် ပြုလုပ်တော့မယ်တဲ့လေ။ အဲဒီလှုပ်ရှားမှုမှာ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ် NLD အဖွဲ့တွေက ငါးယောက်စီ ဝန်းရံပေးမယ်လို့ လေသံပစ်နေတာ ကြားနေရပြန်တယ်"

"ပြည်ပဆရာကြီးရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးအဖြစ် ဘွဲ့တံဆိပ်နဲ့ ဆုလာဘ်တွေ မြှောက်စားခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုကလဲ တည်ဆဲဥပဒေအရ ပြစ်ဒဏ်ကျခံနေရတဲ့ လူတချို့ကို နိုင်ငံရေးအကျဉ်းသားလို့ အမည်တပ်လှုံ့ဆော်ပြီး အဲဒီလူတွေရဲ့ မိသားစုတွေဆီ သွားရောက်အားပေးသယောင်နဲ့ တနင်္ဂနွေနေ့ အဖြူရောင်လှိုင်း လှုပ်ရှားမှုအဖြစ် နိုင်ငံရေးအမြတ်ထုတ်နေတာကိုလဲ တွေ့နေရတယ်ဗျ"

"ဒါတွေအားလုံးကို ခြုံငုံသုံးသပ်ကြည့်ရင် ဒီမိုကရေစီဆိုတာကို ဗန်းပြပြီး မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ပမာမခန့်ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ခြယ်လှယ်မှု ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်ဗျာ"

"နိုင်ငံတစ်နိုင်ငံအနေနဲ့ မိမိနိုင်ငံရဲ့ ကိုယ်ပိုင်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ခြင်းဟာ ကျိုးကြောင်းဆီလျော်ပြီး မှန်ကန်ခိုင်မာတဲ့ အခွင့်အရေးပဲဖြစ်တယ်။ ကိုယ်ပိုင်အချုပ်အခြာအာဏာဆိုရာမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးတွေ ပါဝင်တယ်။ ကိုယ်ပိုင်အချုပ်အခြာအာဏာ ကျင့်သုံးရာမှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ဖို့က အဓိကကျတယ်"

"မှန်တာပေါ့ဗျာ။ ဒါကြောင့်မို့ အမေရိကန်အစိုးရရဲ့ အသွင်ပြောင်း ဒီပလိုမေစီ ကျင့်သုံးစေ့ဆော်မှုကြောင့် ပြည်တွင်းမှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒပြလှုံ့ဆော်မှုတွေ၊ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေ၊ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေကတစ်ဆင့် ဆက်စပ်လှုပ်ရှားလာမယ့် ဆူပူအုံကြွ အကြမ်းဖက်မှုတွေကို ပြည်သူလူထုတစ်ရပ်လုံး အထူးသတိပြုကြဖို့၊ သက်ဆိုင်ရာနဲ့အတူ ပူးပေါင်းပါဝင်ပြီး ဆက်လက်ဆန့်ကျင် တားဆီးတိုက်ဖျက်သွားကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ကြရအောင်"

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၅-၂၀၀၇

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယာဉ်

၈:၂၀ ၈။ အကပြိုင်ပွဲ

၈:၂၅ ၉။ ရွှေလီတံတား

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Happy and Educational English Summer Course MRTV.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ အတီးပြိုင်ပွဲ

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)

၄:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၅:၁၅ ၆။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**

၅:၃၀ ၇။ နှောင်းခေတ်တေးပဒေသာ

၅:၄၀ ၈။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံပညာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု)

၆:၀၀ ၉။ ညနေခင်းသတင်း

၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်

၇:၁၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရွှေရောင်သမ်းသော အသည်းနှလုံး" (အပိုင်း-၁)**

၈:၀၀ ၁၃။ ပြည်တွင်းသတင်း

၁၄။ နိုင်ငံတကာသတင်းများ

၁၅။ မိုးလေဝသအခြေအနေ

၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကံကြမ္မာနတ်သမီး" (အပိုင်း-၂)**

၁၇။ နောက်တစ်နေ့အစီအစဉ်

၁၈။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၀-၅-၂၀၀၇)

မင်းတပ်

၂ ဒသမ ၂၀ လက်မ

ကော့သောင်း

၂ ဒသမ ၁၂ လက်မ

ဖျာပုံ

၁ ဒသမ ၈၅ လက်မ

ကျောက်ဖြူ

၁ ဒသမ ၃၄ လက်မနှင့်

ညောင်ဦး

၁ ဒသမ ၂၆ လက်မ

ကွယ်လွန်သူ အဘွား ဒေါ်မြကျင်၊ ဖခင် ဦးမိုး၊ မိခင် ဒေါ်အမာရီနှင့် မောင် ဦးအောင်မြင့်တို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် စံရိပ်ငြိမ် (၃)လမ်းနေ ဦးဖေတင်-ဒေါ်လှမြင့် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံအဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၁၀

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ Daewoo International Corporation မှ Mr. Young-Won Kang President & CEO နှင့် အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌တွေ့ဆုံရာ လျှပ်စစ်စွမ်းအားဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာ သိန်းထွန်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ၂၃၀ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်ရေးလုပ် ငန်းများလောလောဆယ်ဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့် ကိုရီးယားသမ္မတနိုင်ငံမှ ချေးငွေဖြင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စီမံကိန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ (ရွှေသီဂီရိတနာ ဓမ္မာရုံ၊ ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ သဃ်န်းကျွန်းမြို့နယ် (၁၆/၁)ရပ်ကွက် သုမင်္ဂလလမ်းနေ ရွှေနရီကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးစိုးနိုင်၊ ဒေါ်ခြွေခြွေရီ၊ သမီးနှင်းဝတီစိုး၊ ခင်ကလျာစိုး မိသားစုက ငွေကျပ် ၃၀၀၀၀၀လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးမြင့်ဆွေ လက်ခံယူစဉ်။ (က-ပ)

ဒေါ်လာသန်း(၁၀၀)ပြည့် ပြည်ပတင်ပို့နိုင်မှုအထိမ်းအမှတ် အခမ်းအနား ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် မေ ၁၀

သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Myanmar Korea Timber International Limited(MKTI) **၏ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံခြားငွေအမေရိကန်ဒေါ်လာ သန်း(၁၀၀)ပြည့် ပြည်ပတင်ပို့နိုင်မှု အထိမ်းအမှတ် အခမ်းအနားကို မေ ၇ ရက်တွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာနခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Myanmar Korea Timber International Limited (MKTI)၏ ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ သန်း (၁၀၀)ပြည့် ပြည်ပပို့နိုင်မှု အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သစ်တောရေးရာ)

အဆိုပါ အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သစ်တောရေးရာဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Park Key Chong၊ ဒေဝူးနိုင်ငံတကာ ကော်ပိုရေးရှင်းဥက္ကဋ္ဌ Mr. Kang Young Won နှင့် MKTI မှ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဒေဝူးနိုင်ငံတကာ ကော်ပိုရေးရှင်းဥက္ကဋ္ဌတို့က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားကြပြီး MKTI မန်နေဂျင်းဒါရိုက်တာ Mr. Jung Ham Kin က လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရောင်စုံဆလိုက်များဖြင့် ရှင်းလင်းတင်ပြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုပိုင်ခွင့်ပညာပြန့်ပွားရေးသင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ မှုပိုင်ခွင့်ပညာ ပြန့်ပွားရေး သင်တန်းဖွင့်ပွဲကို မေ ၇ ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကိုယ်စား စာတည်းမှူး ဦးတင်မောင်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ ဦးမောင်မောင်ဝင်း (တရားရုံးချုပ်ရှေ့နေ) (ဝဲပုံ) က သင်တန်းအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၇ ရက်မှ ၁၈ ရက်ထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်နှင့်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူးများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန(ရန်ကုန်) ထုတ်လုပ်ရေးဌာနခွဲမှ စာတည်းအဖွဲ့ဝင်များ စုစုပေါင်း ၂၃ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်း(ပြန်/ဆက်)

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် နှင်းဆီကုန်းလမ်းနေ ဦးမြင့်ရွှေအား ရည်စူး၍ ဦးအောင်ထွန်း-ဒေါ်တင်အေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူး ကီးဘညာဏ်(ငြိမ်း) လက်ခံစဉ်။ (က-ပ)

အပြည်ပြည်ဆိုင်ရာ သူနာပြုများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဟောပြောပွဲကို မေ ၈ ရက်က ရန်ကုန်အနောက်ပိုင်း ဆေးရုံကြီး၌ ကျင်းပရာ "ပတ်ဝန်းကျင်ကောင်းပံ့ပိုးမှု အရည်အသွေး တိုးတက် သူနာပြု ပြည်သူများကို အကျိုးပြု" ဆောင်ပုဒ်ကို အထက်တန်းသူနာပြု ဆရာမ ဒေါ်ကေသီတင် ရှင်းလင်း တင်ပြစဉ်။ (ကျန်းမာရေး)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၅-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၁၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး" (ဒုတိယတွဲ) အပိုင်း(၄၁)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။



မြန်မာအမျိုးသမီး လက်ရွေးစင်ဘော်လီဘောအသင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟိုချီမင်းမြို့ ပြိုင်ပွဲ ယှဉ်ပြိုင်ရန်ထွက်ခွာ

ရန်ကုန် မေ ၁၀

မေ ၁၂ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် (၄)ကြိမ်မြောက် VTV CUP အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဦးမျိုးဝဏ္ဏထွန်း (မန်နေဂျာ၊ Asia Light Supermarket) ခေါင်းဆောင်သော မြန်မာ အမျိုးသမီးလက်ရွေးစင် ဘော်လီဘော အသင်းသည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာအမျိုးသမီး လက်ရွေးစင် ဘော်လီဘောအသင်းအား မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးညီညီလွင်နှင့် အမှုဆောင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ပါဝင်ကြ

မြန်မာအမျိုးသမီး လက်ရွေးစင် ဘော်လီဘောအသင်းတွင် နည်းပြဆရာအဖြစ် အားကစား ဝန်ကြီးဌာနမှ နည်းစနစ်မှူး ဦးသိန်းဆွေနှင့် လက်ရွေးစင်များအဖြစ် ထိုက်ထိုက်ဝင်း (ပို့ဆောင်ရေး ဝန်ကြီးဌာန)၊ နီလာအေး(ရန်ကုန်မြို့တော်စည်ပင်)၊ မြမြထွေး(အမှတ်-၁၊စက်မှုဝန်ကြီးဌာန)၊ ယမင်းလှဝင်း (ပို့ဆောင်ရေးဝန်ကြီးဌာန)၊ မအင်းဆန်း (ပြည်ထဲရေးဝန်ကြီးဌာန)၊ ရီရီလွင် (ကာကွယ်ရေးဝန်ကြီးဌာန)၊ မိုးမိုးစန်း (ပို့ဆောင်ရေးဝန်ကြီးဌာန)၊ ချိုချိုဝင်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ ခိုင်ခိုင်စိုး (ကာကွယ်ရေး ဝန်ကြီးဌာန) နှင့် အေးနန္ဒာကျော် (အမှတ်-၁၊ စက်မှု ဝန်ကြီးဌာန)တို့ ပါဝင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီး ဘော်လီဘောအသင်း

(၄)ကြိမ်မြောက် VTV CUP အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည့် မြန်မာ အမျိုးသမီး လက်ရွေးစင် ဘော်လီဘော အသင်းကို တွေ့ရစဉ်။

(ဘော်လီဘောအဖွဲ့ချုပ်)

ဖဲကြိုးဖြတ်ဖွင့်လှစ်

လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ လှိုင်သာယာ စက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးမြမောင်နှင့် ပန်းဝတ်မှုန် ဖက်ရှင်ဆိုင်ပိုင်ရှင် (Online) ကိုယ်စားလှယ် ဒေါ်ဖြိုးသန္တာလှိုင်တို့ ပန်းဝတ်မှုန် ဖက်ရှင် (၂)အထည်ဆိုင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ကြစဉ်။

(သတင်းစဉ်)

မင်္ဂလာရာမ ပါဠိတက္ကသိုလ်စေတီတော် ဌာပနာပိတ်ပွဲပြုလုပ်မည်

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း ကျောင်းတိုက်တည် အာဒိကမ္မိကဆရာတော် ဘဒ္ဒန္တသုဇာတ၏ အထိမ်းအမှတ်အဖြစ် တည်ထားကိုးကွယ်သော အောင်ဗောဓိ (ဗောဓိဇယ)စေတီတော်မြတ်၏ အထက်ဌာပနာတော်ပိတ်ပွဲ မင်္ဂလာအခမ်းအနားကို (၁၃၆၉ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၅ရက်) မေ ၁၅ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင်ပြုလုပ်မည်ဖြစ်ရာ ဓာတ်တော်၊ မွေတော်၊ ဆင်းတုတော် အစရှိသည့် ဌာပနာတော်ပစ္စည်းများကို ထည့်သွင်းလှူဒါန်းပူဇော်လိုသူများသည် မေ ၁၄ရက် နောက်ဆုံးထားပြီး မိမိတို့ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကို ကျောင်းတိုက်သို့အရောက် ပို့ဆောင်ပေးကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ပန်းဝတ်မှုန်ဖက်ရှင်(၂) အထည်ဆိုင်သစ်ဖွင့်

ရန်ကုန် မေ ၁၀

ပန်းဝတ်မှုန် ဖက်ရှင်(၂) အထည်ဆိုင်သစ် ဖွင့်ပွဲအခမ်းအနားကို မေ ၆ရက် နံနက် ၉နာရီတွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ စိန်တစ်ခြုလမ်း၊ ကျန်စစ်သားအိမ်ရာ၊ တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၀၀၂)၌ ကျင်းပရာ လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ လှိုင်သာယာစက်မှုဇုန် အပိုင်း(၅) စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးမြမောင်နှင့် ပန်းဝတ်မှုန် ဖက်ရှင်ဆိုင်ပိုင်ရှင် (Online) ကိုယ်စားလှယ် ဒေါ်ဖြိုးသန္တာလှိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါဆိုင်သစ်ဖွင့်ပွဲသို့ လှိုင်သာယာမြို့နယ် အမှတ်(၅)ရပ်ကွက်နှင့် အမှတ်(၆)ရပ်ကွက်တို့မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။ ဖွင့်ပွဲအပြီးတွင်ဧည့်သည်များအား ပန်းဝတ်မှုန်ဖက်ရှင်ဆိုင်ပိုင်ရှင် ဒေါ်ဖြိုးသန္တာလှိုင်နှင့် ဦးခင်လှိုင်(ချစ်မိုးညို)တို့က ဆိုင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

စိတ်တိုင်းကျရနိုင်

ပန်းဝတ်မှုန် ဖက်ရှင်(၂)ဆိုင်သည် Online Brand အထည်များသာ သီးခြားရောင်းချပေးပြီး ယောကျ်ားဝတ်၊ မိန်းမဝတ်၊ ကလေးဝတ်၊ ဖက်ရှင်ဆိုဒ်စုံ၊ အရွယ်စုံတို့ကို စိတ်တိုင်းကျရရှိနိုင်သော ဆိုင်ဖြစ်သည်။ အလားတူ ပန်းဝတ်မှုန်ဖက်ရှင် (၁) ဆိုင်ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ မြဂန္ဓမာဈေးဆိုင် အမှတ်(၁)၊ ရုံ(၁)တွင် မတ်လဆန်းပိုင်းက ဖွင့်လှစ်ရောင်းချလျက်ရှိပြီး လက်လီလက်ကားရောင်းချလိုသူများ လာရောက် ဆက်သွယ်နိုင်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် မေ ၈ရက်က ကျင်းပသည့် ၂၀၀၇ခုနှစ် အားကစားဝန်ကြီးဌာန နွေရာသီ အခြေခံ အားကစားသင်တန်းများမှ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ၌ ဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော လသာမြို့နယ် လမ်း(၂၀) ဆုကျန်းမာရေးနှင့် ကာယလေ့ကျင့်ရေးစင်တာမှ ကာယအလှမယ်များအား ဆရာမြဦးမောင်နှင့်အတူ တွေ့ရစဉ်။

(ကြေးမုံ)

The LIVE NEWS ဂျာနယ် အမှတ်(၃၄)ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁၀

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၃၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ မုန်တိုင်းကမွှေ မိုးကစွေ၊ ရေတွေလျှံတဲ့ ရန်ကုန်မြေ၊ သဘာဝအလှအပရှုခင်းများနှင့် အလောင်းတော်ကဿပ၊ အမျိုးသားဥယျာဉ်ကြီး၊ မြန်မာ့လက်ရွေးစင်နှင့် ယူ-၂၃ဘောလုံးအသင်းတို့ကိုတာဝန်ယူမည့် ဘရာဇီးနည်းပြ၊ ကိုယ့်အကြောင်းကိုယ် ဇာတ်ကားပြန်ရိုက်မယ်ဆိုတဲ့ စင်ရော်မောင်မောင်၊ ယနေ့ရုပ်ရှင် အမည်တူ သုံးစောင်၊ ရွှေစက်တော်သွားတောလား၊ သဘာဝနှင့် နေထိုင်ခြင်း၊ ငြိမ်းချမ်းနယ်မြေ ပြည်သူ့ရင်ခွင်ဆီသို့၊ တောင်နှင့်မြောက်ကိုရီးယားအကြား မီးရထားပြေးဆွဲရေးဆွေးနွေးမည်၊ တိုက်ဂရစ်မြစ်ကမ်းပါးမှ ခေါင်းလောင်းထိုးသံများ၊ တရုတ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးလေးဦး အစားထိုးပြောင်းလဲခန့်ထား၊ တိုင်းမ်မဂ္ဂဇင်းမှရွေးချယ်သည့် ကမ္ဘာကျော် ၁၀၀ ဦးစာရင်းတွင် အမေရိကန်သမ္မတ ဂျော့ဂျ်ဘုရှ် မပါဝင်၊ မလေးရှားဘုရင်သစ်နန်းတက်ပွဲကျင်းပ၊ တောင်နှင့်မြောက်ဝင်ရိုးစွန်းဗဟိုချက်နေရာများသို့ တစ်ကိုယ်တော် စွန့်စားသွားရောက်ခဲ့သော အာရှတိုက်သူတစ်ဦး၊ မေ ၁၂ ရက်မှ ၁၈ရက်အတွင်း မွေးဖွားသည့် မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ တက္ကစီမင်းနှင့် ဆန်အိတ်ပြဿနာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့ထံ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့မကျောင်းသား၊ ကျောင်းသူဟောင်းအသင်းမှ ကြီးမှူးဖွင့်လှစ်သော (၆)ကြိမ်မြောက် နွေရာသီကြက်တောင် သင်တန်းဆင်းပွဲနှင့် လက်ရည်စမ်း ကြက်တောင်ရိုက်ပြိုင်ပွဲကို မြတ်မွန် ရတနာ ကြက်တောင်ရိုက်ခန်းမတွင် ကျင်းပရာ အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် ပထမဆု ရရှိသွားသော မအေးမြတ်မွန်အား မြို့မကျောင်းသား၊ ကျောင်းသူဟောင်း အသင်းဥက္ကဋ္ဌ ဦးတင့်ဆွေ ဆုချီးမြှင့်စဉ်။

(က-ပ)

ကာယအလှမယ်

၂၀၀၇ခုနှစ် အားကစားဝန်ကြီးဌာန နွေရာသီ အခြေခံ အားကစား သင်တန်းများမှ ကာယဗလမောင်နှင့် အလှမယ်ပြိုင်ပွဲတွင် ကာယအလှမယ် အငယ်တန်းပြိုင်ပွဲ၌ ပထမရရှိသွားသည့် သီတာညို ယှဉ်ပြိုင်နေစဉ်။

(ကြေးမုံ)

အားကစား

မြှင့်တင်

စိတ်လန်းရွှင်

ဆန့်ကျင်

မူးယစ်ဆေး

ချောင်း၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကင်းမြို့နယ် ပြည်သာယာရိပ်သာအနီး မိုးကောင်းလမ်းသို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးတို့က ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်အကြားရှိ ခုနစ်ပင်လိမ်ချောင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ နုန်းနှင့် ဒိုက်ပင်များ ဆယ်ယူရှင်းလင်းနေမှုများကို လိုက်လံရှင်းလင်းပြသကြပြီး မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ (၂၃)ရပ်ကွက် အင်ကြင်းမြိုင်လမ်းနှင့် ဂန္ဓမာလမ်းတို့ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ရေနုတ်မြောင်းများ ရေစီးဆင်းမှုများကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် ကျိုက္ကဆံချောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စက်ယန္တရားများဖြင့် နုန်းများ၊ ဒိုက်ပင်များ ဖော်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်သို့ ဖြတ်သန်းစီးဆင်းသည့် ရွှေလေ့ချောင်ချောင်း ရေစီးရေလာကောင်းမွန်စေရန် လူအား၊ စက်ယန္တရားအားတို့ဖြင့် အမှိုက်၊ နုန်းနှင့် ဒိုက်ပင်များ ဆယ်ယူရှင်းလင်းနေမှုနှင့် ရွှေလေ့ချောင် ချောင်းတစ်လျှောက် ရေစီးဆင်းမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မိုးရာသီရောက်ရှိတော့မည်ဖြစ်၍ ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် တိုးချဲ့တူးဖော်ဆောင်ရွက်ကြရန်၊ အမှိုက်နှင့်နုန်းများ ဆယ်ယူခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ်လုပ်ဆောင်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း မြောက်ဥက္ကလာပမြို့နယ် ရွှေလေ့ချောင်ချောင်းအား ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့တော်/စည်ပင်)

ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို မေ ၂၆ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ တိုင်းနှင့် ပြည်နယ်များမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မသန့်ရှင်းသောရေကြောင့် ဖြစ်သောရောဂါများ ကာကွယ်ရေးနှိုးဆော်ချက်

၁။ ပြည်သူလူထုအတွင်း မသန့်ရှင်းသောရေကို သောက်သုံးမိခြင်းကြောင့် အောက်ပါရောဂါများ ဖြစ်ပွားစေပါသည်—

- **ကာလဝမ်းရောဂါ**
- **အသည်းရောင်အသားဝါရောဂါ**
- **အူရောင်ငန်းဖျားရောဂါ**
- **ပိုလီယိုအကြောသေရောဂါ**
- **ဝမ်းကိုက်ရောဂါ**
- **သန်ကောင်ရောဂါ**
- **ဝမ်းပျက်ဝမ်းလျှောရောဂါ**
- **အရေပြားရောဂါ**

၂။ အောက်ပါအပြုအမူတို့ကြောင့် သောက်သုံးရေ ညစ်ညမ်းစေပါသည်—

- **အမှိုက်သရိုက်၊ မစင်များ စနစ်တကျ စွန့်ပစ်မှုမရှိခြင်း**
- **ရေပိုက်ပေါက်များဖြင့်ရေသွယ်ယူခြင်း**
- **ရေတွင်းရေကန်များအနီးတွင် အဝတ်လျှော်ခြင်း**
- **ရေခပ်ပုံး၊ အိုး၊ ကြိုးနှင့် ဘုံပိုင်ခေါင်းများအား စနစ်တကျ ကိုင်တွယ် သိမ်းဆည်းမှုမရှိခြင်း**
- **သောက်ရေအိုး၊ ရေစစ်ရေခွက်၊ အဖုံးစသည်တို့ကို စနစ်တကျ သန့်ရှင်းစွာမထားရှိခြင်း**
- **သောက်သုံးရေကိုင်တွယ်သုံးစွဲသူ တစ်ကိုယ်ရေညံ့ဖျင်းခြင်း**

၃။ သို့ပါ၍ မသန့်ရှင်းသောရေကြောင့် ဖြစ်ပွားသည့် ရောဂါများမှ ကာကွယ်ရန် ပြည်သူလူထုအားလုံးသည် အောက်ပါတို့ကို လိုက်နာကျင့်သုံးကြပါရန် နှိုးဆော်အပ်ပါသည်—

လိုက်နာရမည့်အချက်များ—

(၁) **တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်ခြင်း (အထူးသဖြင့် အိမ်သာမှအဆင်းနှင့် အစားအသောက်များ မကိုင်တွယ်မီ လက်နှစ်ဖက်ကို စင်ကြယ်စွာ ဆေးကြောခြင်း)**

(၂) **ရေစစ်အိုးဖြင့် စစ်ယူခြင်း**

(၃) **ကျောက်ချဉ် အသုံးပြုခြင်း**

(၄) **ရေကို ကျိုချက်သောက်ခြင်း**

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာမျက်မှန်အရောင်းဆိုင် နေပြည်တော်ရှိ သပြေကုန်းဈေးသစ်ကြီး၌ ဖွင့်လှစ်

နေပြည်တော် မေ ၁၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယခင်ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေးလုပ်ငန်းမှ မျက်မှန်ကျွမ်းကျင်(အငြိမ်းစား) ဝန်ထမ်းများ၏ နိုင်ငံတကာအဆင့်မီ မြန်မာမျက်မှန်အရောင်းဆိုင် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သပြေကုန်းဈေးသစ်ကြီး တောင်ဘက်တန်းဆိုင်ခန်းအမှတ် (က၊ ၂၇)၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်နှင့် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုတို့က အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

မြန်မာမျက်မှန် အရောင်းဆိုင်သည် ယခင်ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေးလုပ်ငန်း၏ မြန်မာမျက်မှန်အရာင်းဆိုင်တွင် တာဝန်ယူ ဆောင်ရွက်ကြသော မျက်မှန်ကျွမ်းကျင်(အငြိမ်းစား) ဝန်ထမ်းများ နိုင်ငံတော်မှ သင်ကြားပေးထားသော နည်းပညာများဖြင့် နည်းပညာမှန်၊ စံချိန်စံညွှန်းမှန်၊ ဈေးနှုန်းမှန်၊ ပစ္စည်းမှန်၊ အနီးကြည့် အဝေးကြည့် စာကြည့်မျက်မှန်၊ နေကာမျက်မှန်များကို ဝန်ဆောင်မှုကောင်းမွန်စွာ ထုတ်လုပ်ရောင်းချပေးသွားမည့်အပြင် မျက်စိစမ်းသပ်မှုကို လစဉ် ၁ ရက်မှ ၅ ရက်အထိလည်းကောင်း၊ ၁၅ ရက်မှ ၁၉ ရက် အထိလည်းကောင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ယခင်ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေး လုပ်ငန်းမှ မျက်မှန်ကျွမ်းကျင်(အငြိမ်းစား)ဝန်ထမ်းများ၏ နိုင်ငံတကာအဆင့်မီ မြန်မာမျက်မှန်အရောင်းဆိုင်ဖွင့်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ထွန်းကျော်နှင့် သမဝါယမဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုတို့ အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိ၊ ပါတီ၏ လုပ်ဆောင်ချက်များသည် တိုင်းပြည်အတွက် မှန်ကန်ထိရောက် အကျိုးရှိသော လုပ်ဆောင်မှုများ မဟုတ်သည်ကို တွေ့မြင်ရ၍ အိမ်မဲမြို့နယ်နှင့် မြောင်မြို့နယ်တို့မှ ပါတီဝင် သုံးဦး နုတ်ထွက်

ရန်ကုန် မေ ၁၀

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကြည်အေးနှင့် ဦးတင်လှိုင်တို့ နှစ်ဦးသည် မတ် ၂၆ ရက်တွင်လည်းကောင်း၊ စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် မြစ်သားကျေးရွာနေ ဦးသစ်သည် ဧပြီ ၄ ရက်တွင်လည်းကောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

အိမ်မဲမြို့နယ်နှင့် မြောင်မြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် ၎င်းတို့အနေဖြင့် NLD ပါတီအပေါ် စိတ်ဝင်စားမှုမရှိတော့ခြင်း ပါတီ၏လုပ်ဆောင်ချက်များသည် တိုင်းပြည်အတွက် မှန်ကန်ထိရောက် အကျိုးရှိသော လုပ်ဆောင်မှုများ မဟုတ်သည်ကို တွေ့မြင်လာရခြင်း NLD ပါတီတွင် ဆက်လက်ပါဝင်ဆောင်ရွက်လိုမှု မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယရေတပ်ဦးစီးချုပ် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံနှုတ်ဆက်

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၀

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC)ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်း၊ ဧရာဝတီရေတပ် စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC) ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံရုံး စစ်သံမှူး Col. Jasvinder Singh Chopra လည်း တက်ရောက်သည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာ၌ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အိန္ဒိယရေတပ် ဦးစီးချုပ်တို့သည် လက်ဆောင်ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ တည်ခင်း

ညပိုင်းတွင် အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး ဒေါ်အေးအေးတို့က နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ထူးခြားသည့် နေ့အပူချိန်များ (၁၀-၅-၂၀၀၇)	
နေပြည်တော်	၁၀၀ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၉၀ ဒသမ ၀ ဒီဂရီဖာရင်ဟိုက်
မန္တလေး	၉၇ ဒသမ ၇ ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၁၀၂ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်
မကွေး	၁၀၂ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြင်ဦးလွင်မြို့သို့ ထွက်ခွာ

ရန်ကုန် မေ ၁၀

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နေပြည်တော်၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC)နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြင်ဦးလွင်မြို့သို့ ထွက်ခွာသွားသည်။

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယရေတပ် ဦးစီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီး ဒေါ်အေးအေး၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ဉာဏ်ထွန်းနှင့် ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် ဇနီးတို့ ပြင်ဦးလွင်မြို့သို့ ထွက်ခွာမည့် အိန္ဒိယရေတပ်ဦးစီးချုပ် Admiral Sureesh Mehta (PVSM, AVSM, ADC)နှင့် ဇနီးတို့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)